ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 August 2026 ၁၂၅၈

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း ပါဝင်သည့် အုပ်စု(B)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းနှင့် လာအိုအမျိုးသား ဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားစဉ်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁

အိန္ဒိယတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သန်္ဓာပုံစံပြုမော်ဒယ်လ် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖

ခေတ်မီ DEMU ရထားများဖြင့် ဝန်ဆောင်မှုသစ်ဆီသို့ ခြေလှမ်းလှမ်းလာသည့် မြန်မာ့မီးရထား ဆောင်းပါး စာမျက်နှာ » ၆

အခွန်ထမ်းပြည်သူများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးနေသော အခွန်ဝန်ဆောင်မှုများ ဆောင်းပါး စာမျက်နှာ » ၁၀



မြစ်ကြီးနားမြို့ရှိ ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် နှစ်ဖက်ချော စက္ကူထုတ်လုပ်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် နှစ်ဖက်ချောစက္ကူထုတ်လုပ်၍ ကျောင်းသုံးပလာစာအုပ်များ ဖြန့်ဖြူးရောင်းချနိုင်ခဲ့

မြစ်ကြီးနား ဩဂုတ် ၁

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်သည် နှစ်ဖက်ချော စက္ကူထုတ်လုပ်၍ ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

အဆိုပါသမဝါယမအသင်းအနေဖြင့် ဒေသတွင်း ရုံးသုံး၊ ကျောင်းသုံးစာအုပ်ဟောင်းများနှင့် စာရွက်အိုင်းအစများကို Recycle ပြုလုပ်၍ ပျော့ဖတ်များမှ တစ်ဆင့် စက္ကူ(အကြမ်း/အချောများ)၊ တစ်ရှူးစက္ကူများနှင့်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○

ယနေ့ဖတ်စရာ

ဝဝန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာကိုးရွာရှိ လူဦးရေ ၈၃၅၂ ဦးတို့အတွက် ဆန်ရိက္ခာဗိုင်ငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ် စာမျက်နှာ » ၄

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၂၈၀၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘ အုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ စာမျက်နှာ » ၉

အုတ်ဖိုမြို့၌ စားသောက်ကုန်များသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

အုတ်ဖို ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆီ၊ သား၊ ငါးနှင့် စားသောက်ကုန်များ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို အုတ်ဖို(အထက)ဝင်းရှေ့၌ ယနေ့နံနက် ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ဒေသခံ ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက်

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻



အုတ်ဖိုမြို့၌ စားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်သူများ ဝယ်ယူအားပေးနေမှုကို တွေ့ရစဉ်။

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်လွှဲပြောင်းယူခဲ့သည်မှာ ယခုအခါ ရက်ပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုကာလသည် နိုင်ငံတော်အစိုးရအဖွဲ့အတွက်သာမက နိုင်ငံတော်အတွက်ပါ အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့သည့်ကာလဖြစ်သည်။ အစိုးရအနေဖြင့် အချိန်တိုကာလအတွင်း နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့သည်။

ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ထွက်လာသည့် နိုင်ငံတော်အစိုးရအဖွဲ့အပေါ် ပြည်သူများ၏ ယုံကြည်အားကိုးမှုကို အလေးထားသောအားဖြင့် ရက်ပေါင်း(၁၀၀)အတွင်း ဦးစားပေးလုပ်ငန်းစဉ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရက ရက်ပေါင်း(၁၀၀) ပြည့်မြောက်ပြီးသည်အထိ ဆောင်ရွက်ခဲ့မှုများနှင့် ပြောင်းလဲတိုးတက်မှုများကို နိုင်ငံတော်သမ္မတက ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် မိဘပြည်သူများအား အသိပေးတင်ပြခဲ့သည်။ အထူးသဖြင့် နိုင်ငံတော်အတွက် အရေးအကြီးဆုံးဖြစ်သည့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်မှုများကို ပြည်သူလူထုအား အသိပေးခဲ့ပြီးဖြစ်သည်။

"ယနေ့အချိန်အခါတွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရန်လိုပြီး နိုင်ငံတစ်ဝန်းလုံး အမြန်ဆုံး တည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကို တည်ဆောက်သည့်နေရာတွင် မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား ခေတ်စနစ်နှင့်ကိုက်ညီသည့် ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်လိုအပ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်သည် အစိုးရမှာပင် တာဝန်ရှိသည်မဟုတ်ဘဲ အစိုးရ၊ တပ်မတော်၊ လွှတ်တော်စသည့် အင်စတီကျူးရှင်းအားလုံးတွင် တာဝန်ရှိသည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့် နေရာတွင် အားလုံးတတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်ပေးကြရန်" နိုင်ငံတော်သမ္မတက အလေးအနက်ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်တာဝန်ယူဆောင်ရွက်ချိန်မှစ၍ "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး"ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့်နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်လမ်းစဉ်သို့ ရောက်နေကြသူများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာစေရန်နှင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးရန်အတွက် ရက်ပေါင်း(၁၀၀)အတွင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးတံခါးကိုလည်း ထာဝရဖွင့်လှစ်ဖိတ်ခေါ်ခဲ့သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်နိုင်ရန် အချက် ၄၃ ချက်ပါ ပြင်ဆင်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်သည်။ ကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများနှင့် လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာအဖြေရှာကြရန် အရေးကြီးသည်။ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAOs) အားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဖိတ်ခေါ်လျက်ရှိရာ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ EAOs အမည်ခံ လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် အဓိကဝင်ငွေရသည့်လုပ်ငန်းသည် မူးယစ်ဆေးဝါးလုပ်ငန်းဖြစ်နေပြီး ယင်းကိုလက်မလွှတ်ဘဲ ယခုအချိန်အထိ ဆက်လက်ထုတ်လုပ်ရောင်းချလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ထိရောက်စွာ သတင်းထုတ်ဖော်ပြီး နှိမ်နင်းသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့်အခက်အခဲများ မည်မျှကြီးမားနေသည်ဖြစ်စေ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့် သောင်ပုဒ်နှင့်အညီ ပြည်သူနှင့်အစိုးရသည် မဆုတ်မနစ်သည့် ဇွဲလုံလများနှင့် လက်တွဲညီညီဆောင်ရွက်မည်ဆိုပါက အခက်အခဲများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပုံဖော်နိုင်မည်ဖြစ်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် – မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် – အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် – ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁-၈-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၃၀-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၇-၂၀၂၆) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်)၊

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့် အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်) ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

---

၁ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	– ဝင်းနိုင်	အကြီးတန်း	– ခင်မိုမိုအောင်၊
စာတည်းမှူး	– အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	– စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်		နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	– အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	– အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	– ဇင်မာဝင့်
		စာပြင်	– ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက် ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

လွှတ်တော်သည် အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိ

☆ ရှေ့ပုံမှ

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ လွှတ်တော်အကြောင်း မိတ်ဆက်ပေးရန်နှင့် လွှတ်တော်နှင့် ပြည်သူ၊ လွှတ်တော်နှင့် သတင်းမီဒီယာများအကြား ထိတွေ့နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း ဤခန်းမ၌ပင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့် အစဉ်အလာရှိပါကြောင်း။

အလားတူ နိုင်ငံတကာလွှတ်တော်များ၌လည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပလေ့ရှိပါကြောင်း၊ အဓိကတာဝန်ဖြစ်သော ဥပဒေကြမ်းများပြုစုပြီးစီးချိန်နှင့် လွှတ်တော်၏ ပုံမှန်အစည်းအဝေး သက်တမ်းတစ်ခုပြီးဆုံးချိန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်လေ့ရှိရာ ယခု သတင်းစာရှင်းလင်းပွဲမှာ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးဆုံးချိန်တွင် ကျင်းပခြင်းဖြစ်ပါကြောင်း။

လွှတ်တော်နှင့်ပတ်သက်၍ အနည်းငယ် မိတ်ဆက် ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပြီး အနီးစပ်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ အသီးသီးမှ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ လာရောက် စုစည်းထားသည့် နေရာဖြစ်ကြောင်း၊ လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral System)နှင့် လွှတ်တော်တစ်ရပ်တည်းစနစ်(Unicameral System) ဟူ၍ အမျိုးအစားများရှိပါကြောင်း၊ နိုင်ငံ၏ အကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ဖွဲ့စည်းမှုအပေါ် မူတည်၍ နိုင်ငံတကာတွင် လွှတ်တော်နှစ်ရပ်ရှိသည့် နိုင်ငံများရှိသကဲ့သို့ လွှတ်တော်တစ်ရပ်တည်းကျင့်သုံးသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် လူဦးရေ၅၁ သန်းကျော်ရှိပြီး လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲသည်အခြားနိုင်ငံများ၌ အောက်လွှတ်တော် ဟုခေါ်ဝေါ်သည့် ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို နယ်မြေနှင့်လူဦးရေအပေါ် အခြေခံ၍ မြို့နယ် ၃၃၀ အတွက် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၄၀ ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် လစ်လပ်နေရာများရှိနေသဖြင့် ကိုယ်စားလှယ် ၃၅၁ ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်(၄)ရပ်ရှိရာ ပထမတာဝန်မှာ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ရှိ အကြီးအကဲများကို ရွေးချယ် အတည်ပြုပေးရခြင်းဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ ဥပဒေပြုရေး လုပ်ငန်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တတိယတာဝန်အနေဖြင့် ကျန်မဏ္ဍိုင်များကို ပေါင်းစပ်ညှိနှိုင်းခြင်း (Check and Balance) ပြုလုပ်ရပြီး စတုတ္ထတာဝန်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူကို ကိုယ်စားပြုခြင်း (Represent) အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

အဆိုပါ တာဝန်များကို အကောင်အထည်ဖော်ရန် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားပြီး အမြဲတမ်းကော်မတီ (Standing Committee) လေးခုနှင့် သီးခြားကော်မတီ (Select Committee) ၁၈ ခု စုစုပေါင်း ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီများကို လွှတ်တော်ငယ်များ သို့မဟုတ် လွှတ်တော်၏ ဒေါက်တိုင်များဟု ခေါ်ဆိုကြပြီး လွှတ်တော်လုပ်ငန်းများ ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အလွန်အရေးပါကြောင်း။

လွှတ်တော်သည် အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် လွှတ်တော်နှင့် ပြည်သူအကြား ချိတ်ဆက်ပေးရန်နှင့် ပြည်သူ့ယုံကြည်အားကိုးရသော နိုင်ငံတော်အတွက် အထောက်အကူပြုသည့် လွှတ်တော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပိုင်းဝန်းကူညီပေးကြရန် ရည်ရွယ်၍ ယခုသတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာနန္ဒာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် စုစုပေါင်း ၄၈ ဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရိုးရာဝတ်စုံများ ချုပ်လုပ်နည်းကို စနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ကျကျထိန်းသိမ်းစောင့်ရှောက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုက်တွန်းမှာကြား

ရန်ကုန် ဩဂုတ် ၁



ရိုးရာဝတ်စုံများ ချုပ်လုပ်နည်းကို စနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ကျကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ မွန်ပိုင္ဂကတ် တိုက်၌ ကျင်းပသည့် မွန်ရိုးရာဝတ်စုံချုပ်လုပ်နည်း သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများအား တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် မွန်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ(ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရုံးချုပ်မဂ်လာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့် အထူးအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့် အတူ ဂုဏ်ထူးဆောင်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းချုပ်တို့သည် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ နိုင်ငံ့စီးပွားမှ

ကတ်ထူစက္ကူများကို ထုတ်လုပ်ရောင်းချလျက်ရှိရာမှ ကချင်ပြည်နယ် အစိုးရအဖွဲ့က ဒေသတွင်း ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရေးနှင့် ပထမဆုံး နှစ်ဖက်ချောစက္ကူ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ရန်ပုံငွေစက်ဝန်း) အလိုက် သိန်း ၁၀၀၀ ကျော် မတည်ပေးခဲ့သဖြင့် နှစ်ဖက်ချောကျောင်းသုံးဗလာစာအုပ်များ တိုးတက် ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဖြိုးဝေဝေစက္ကူနှင့်စာအုပ် ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်က မန်ခိန်ရပ်ကွက်အတွင်း တစ်ဂျူးစက်၊ တစ်ဖက်ချောစက်နှင့် နှစ်ဖက်ချောစက်ကြီးများပါရှိသည့် စက်ရုံသစ်တည်ထောင်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စက်ရုံသစ်တွင် စက်ကြီးများဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်း အပြည့်အဝလည်ပတ်နိုင်ပါက တစ်နှစ်လျှင် တစ်ဖက်ချောစက္ကူတန် ၉၀၀၊ တစ်ဂျူးစက္ကူတန် ၁၀၀၀ နှင့် နှစ်ဖက်ချောစက္ကူ ခန့်မှန်းတန် ၉၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်ဂျူးငှက်ပျောမှတစ်ဆင့် ငှက်ပျောစက္ကူထုတ်လုပ်နိုင်ရေးကိုလည်း စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဝဝန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ လူဦးရေ ၈၃၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၁၆ သန်းကျော်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

လေးမျက်နှာ ဩဂုတ် ၁

ဝဝန်တာ ကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာကိုးရွာရှိ အိမ်ခြေ ၁၇၃၄ လုံး အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆန်ရိက္ခာဖိုးငွေကျပ် ၄၁ ဒသမ ၉၁၀ သန်းနှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥနှင့် ရေသန့် စသည့်အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၄၁ ဒသမ ၆၅၁ သန်းကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၁၆ သန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ စိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ စာရေးကွင်း ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း ယာယီ ရေဘေးကယ်ဆယ်ရေး စခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။



ဆက်လက်၍ တာအလျားပေ ၃၀ ခန့်တွင် ၅ ပေ နှိမ့်ဆင်းပြီး အကျယ် ပေ ၁၇၀ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင် တည်ဆောက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လွိုင်ကော်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လွိုင်ကော် ဩဂုတ် ၁

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ အမှတ် ၈ လမ်းတစ်လျှောက်တွင် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေ ပြည်သူများက ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် အုတ်တံတိုင်း၌စည်းရိုး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အစိုးရ စက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)နှင့် အစိုးရ နည်းပညာအထက်တန်းကျောင်း စာသင်ဆောင်များနှင့် ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။



ထို့အတူ လွိုင်ကော်တက္ကသိုလ် ကိန္နရာ ခန်းမ၌ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၃၉) ဖွင့်ပွဲသို့ တက် ရောက် အမှာစကား ပြောကြား ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



ဘားအံမြို့၌ အခြေခံစာရင်းရေးစာရင်းကိုင်သင်တန်းဖွင့်

ဘားအံ ဩဂုတ် ၁

ဘားအံမြို့နယ် သမဝါယမဦးစီးဌာနက မြို့နယ်အတွင်းရှိသမဝါယမအသင်းများမှ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား သမဝါယမ သဘောတရားများကို သိရှိနားလည်ပြီး လုပ်ငန်းများကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို ဘားအံမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

ဦးစွာ ဘားအံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ယခုသင်တန်းတွင် အသင်း၏စာရင်းဇယားများကို စနစ်တကျရေးဆွဲနိုင်ရန်နှင့် အသင်းလုပ်ငန်းများ ပိုမိုထိရောက်မှန်ကန်စွာ စီမံခန့်ခွဲနိုင်စေရန် အတွက် သင်တန်းသားများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာပြန်လည်အသုံးပြုနိုင်ရန် ကြိုးစားလေ့လာဆည်းပူးကြစေလို ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်း စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲနည်းသင်တန်းဖွင့်

အိမ်မဲ ဩဂုတ် ၁

ကျေးလက်နေ ပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပဂတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ် ရန်ပုံငွေများလျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ ကျေးရွာများမှထွက်ပေါ်လာသော စီမံချက် လုပ်ငန်းများကို မြို့နယ်အဆင့် ဦးစီးဌာန အသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ (AVIP) ရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီလွင်က အမှာစကားပြောကြားပြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

သင်တန်းကို ကျေးရွာခြောက်ရွာမှ သင်တန်းသား ၁၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

မြောင်းမြပညာရေးဒီဂရီကောလိပ်၌ သင်တန်းဆင်းလက်မှတ်များ ပေးအပ်



မြောင်းမြ ဩဂုတ် ၁

မြောင်းမြ ပညာရေးဒီဂရီကောလိပ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာအရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ (၅/၂၀၂၆) သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်တွင် မြောင်းမြ ပညာရေးဒီဂရီကောလိပ် မြရတု ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဦးစွာ မြောင်းမြပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းဝင်းက အမှာစကား ပြောကြားပြီး မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဂက တိုင်းရင်းသား ဘာသာစာပေသင် ဆရာ ဆရာမများအား မြို့နယ်အလိုက် သင်တန်း ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေပြည်သာမြို့နယ်အတွင်းရှိ ကျောင်းများ၌ အာဟာရကျွေးမွေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ School Meal Program အနေဖြင့် နိုင်ငံတော်၏ အထောက်အပံ့နှင့် ကျောင်းနေအရွယ် ကလေးများ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် ဇူလိုင် ၃၀ ရက်က ကျောင်း ၅၄ ကျောင်းမှ KG ကလေးငယ် ၃၇၁၁ ဦးအား ကျောင်းတွင်း အာဟာရကျွေးမွေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေခေဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်တိုင်း ကာယဥာဏ ဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ရန် အချက်များကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဆွေးနွေးပြောကြား သည်။



ယင်းနောက် တာဝန်ရှိသူများက အာဟာရကျွေးမွေးရာတွင် အာဟာရပြည့်ဝမှုတပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရများကို ချက်ပြုတ်ပြင်ဆင်၍ ကလေးငယ်များကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဟိုပုံးမြို့နယ်ရှိ လူဦးရေ ၉၀၀ ကျော်နှင့် စိုက်ပျိုးမြေကေ ၁၂၀၀ ကျော်တို့ကို အကျိုးပြုနိုင်မည့် ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

နေပြည်တော် သြဂုတ် ၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးရွာငါးရွာရှိ အိမ်ခြေ ၁၈၆ အိမ်၊ လူဦးရေ ၉၀၀ ကျော်နှင့် စိုက်ပျိုးမြေကေ ၁၂၀၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် အောင်ပွဲ - ကုန်းတလေး - တဖူးကိုင်း - လွယ်တပိုင်း - ဟိုနမ့် ကျေးရွာချင်းဆက်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုသည်။

ထို့ပြင် ဟိုပုံးမြို့ရှိ Green Gold ကော်ဖီသမဝါယမ အသင်း၏ ကော်ဖီစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချနေမှု၊ Coffeeneo စက်ရုံ၏ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၌ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတာဝန်ရှိသူများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ယင်းအပြင် သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာ သင်တန်းကျောင်း(တောင်ကြီး)နှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေး ပညာသင်တန်းကျောင်း(တောင်ကြီး)တို့သို့ သွား ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဟိုပုံးမြို့ရှိ Green Gold ကော်ဖီသမဝါယမအသင်း၏ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစဉ်။

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ပြည်မြို့၌ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အမှတ်(၇၃) အဆန်/အမှတ်(၇၄)အစုန်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲ

ပြည် သြဂုတ် ၁

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အမှတ်(၇၃) အဆန်/ အမှတ်(၇၄)အစုန်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ဘူတာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်းနှင့် အမှတ်(၇၃) အဆန်/အမှတ်(၇၄)အစုန်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အမှာစကားပြောကြားစဉ်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ခေတ်မီ DEMU ရထားတွဲဆိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စတင်ထွက်ခွာမည့် ခေတ်မီ DEMU ရထားစက်ခေါင်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေး၍ ရထားပေါ် လိုက်ပါလာသည့် ခရီးသွား ပြည်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

* အုတ်ဖိုမြို့မှ

ဆီတစ်ပိသာ ကျပ် ၇၉၇၀၊ CP ကြက်အသားဈေးတစ်ပိသာ ကျပ် ၂၄၀၀၀၊ အကောင်ဈေး ကျပ် ၂၁၀၀၀၊ အရိုးဈေးကျပ် ၁၆၀၀၀၊ ဗမာကြက်အသားဈေးတစ်ပိသာ ကျပ် ၂၈၀၀၀၊ အကောင်ဈေးကျပ် ၂၄၀၀၀၊ အရိုးဈေး ၁၈၀၀၀၊ ဝက်သားတစ်ပိသာ ကျပ် ၂၀၀၀၀၊ အမဲသား ကျပ် ၁၉၀၀၀၊ ဆိတ်သားတစ်ပိသာ ကျပ် ၂၃၀၀၀၊ ငါးတစ်ပိသာ ကျပ် ၈၀၀၀၊ ကြက်ဥတစ်လုံး ၅၅၀ နှုန်းတို့ဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါရောင်းချပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးဇော်ထိုက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)

❖ အယ်လ်နီညိုမှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုး သက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင် ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

မိုး/ဇလ

Digital First, Digital Trust to AI Smart စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် သြဂုတ် ၁

"Digital First, Digital Trust to AI Smart" စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် နယ်မြေ MICT Park ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

"Digital First, Digital Trust to AI Smart" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဦးဆောင် ဆွေးနွေးသူအဖြစ် အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါက်တာ တင်ဘုန်းကျော်က ဆောင်ရွက်ပြီး ဒေါက်တာ ဇော်မင်းခိုင်၊ ဒေါက်တာနိုင်နိုင်ခင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒေါက်တာကျော်ဖြိုးလင်း နှင့် ဒေါက်တာမျိုးမျိုးနိုင်တို့က ပါဝင်ဆွေးနွေးကာ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် ကျောင်းသား ကျောင်းသူများက ဒီဂျစ်တယ်နှင့် AI နည်းပညာဆိုင်ရာ သိရှိလိုသည့် အချက်အလက် များကို မေးမြန်းဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒီဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ယခုခေတ် ကာလသည် နည်းပညာများ တစ်ဟုန်ထိုးတိုးတက် နေသည့်ကာလဖြစ်ကြောင်း၊ ယခင်က တစ်နှစ်စာ တိုးတက်မှုကို ယခုအခါ လပိုင်းအတွင်း မြင်တွေ့နေရ သည့်အတွက် အပြောင်းအလဲအမြန်ဆုံးခေတ်ဟု ဆိုနိုင်ကြောင်း၊ ယခုဆွေးနွေးသွားမည့် "Digital First, Digital Trust to AI Smart" စကားဝိုင်း ဆွေးနွေးပွဲခေါင်းစဉ်မှာ လက်ရှိပစ္စုပ္ပန်နှင့် အနာဂတ် ၏ နည်းပညာလမ်းပြမြေပုံကို ပုံဖော်ပေးနေ ကြောင်း။



ဒီဂျစ်တယ် ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ Digital First နှင့် စတင်ကာ Digital Trust နှင့် ခိုင်မာ အောင် တည်ဆောက်ပြီး AI Smart ဆိုသည့် အနာဂတ်ဆီသို့ တက်လှမ်းသွားရမည်ဖြစ်ကြောင်း၊ AI နည်းပညာကို အသုံးပြု၍ အချက်အလက် များစွာကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် လုပ်ငန်းစဉ်များကို Automate ပြုလုပ်ခြင်းတို့ကြောင့် လူသားများ အနေဖြင့် ပိုမိုတန်ဖိုးရှိသောနေရာများတွင် ထိရောက်စွာအလုပ်လုပ်နိုင်မည် ဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

လက်ရှိ နည်းပညာတိုးတက်မှုနှုန်းသည် စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒထုတ်ပြန်မှုများထက် ပိုမိုမြန်ဆန်နေကြောင်း၊ ထို့ကြောင့် AI ကို အသုံးပြုရာတွင် ကျင့်ဝတ်သည်အရေးပါလာကြောင်း၊ AI နည်းပညာသည် လူသားများကို အစားထိုးရန်မဟုတ်ဘဲ လူသားတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည့် ကိရိယာသာဖြစ်သင့်ကြောင်း ပြောကြားပြီး Digital First Mind-set နှင့်စတင်ကာ Digital Transformation ကို အရှိန်မြှင့်တင်ပြီး Digital Trust ကို ခိုင်မာစွာတည်ဆောက်ခြင်းအားဖြင့် AI Smart အဆင့်ဆီသို့ တက်လှမ်းသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

ခေတ်မီ DEMU ရထားများဖြင့် ဝန်ဆောင်မှုသစ်ဆီသို့ ခြေလှမ်းလှမ်းလာသည့် မြန်မာ့မီးရထား

ညီညီ(ရထား)

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်နေသကဲ့သို့ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ အထောက်အကူပြုမှုအားနည်းပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကျန်ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်စပ်ထိခိုက်စေနိုင်ပါသည်။



သို့ဖြစ်ရာ လူသုံးကုန်၊ စားသောက်ကုန်များ၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သွင်းကုန်/ပို့ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဒေသအသီးသီးသို့ အမြောက်အမြားသယ်ပို့နိုင်ရန်နှင့် အနာဂတ်တွင် ခရီးသွားပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများပေးနိုင်ရန်တို့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်းအား ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရထားပို့ဆောင်ရေးလုပ်ငန်း စတင်သန္ဓေတည်ပေါ်ပေါက်ခဲ့ပုံ

၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူပြီး နောက် ၎င်းတို့၏အကျိုးစီးပွားအတွက် ဆန်စပါး၊ ကျွန်းသစ်၊ ရေနံဘာနှင့် သဘာဝသယံဇာတပစ္စည်းများကို တွင်တွင်ကျယ်ကျယ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းပြုလုပ်နိုင်ရန်နှင့် ဗြိတိသျှတပ်များ၊ စက်လက်နက်နှင့် ရိက္ခာပစ္စည်းများကို ပြည်မြို့သို့ ပို့ဆောင်နိုင်ရန်အတွက် ရန်ကုန်မှပြည်သို့ ရထားလမ်းဖောက်လုပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အရှည် ၁၆၁ မိုင်ရှိသော ရန်ကုန်-ပြည် ရထားလမ်းကို ၁၈၇၄ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်ဘူတာကြီး (ယခင်ကွမ်းခြံကုန်းဘူတာ)မှ ပထမဆုံးသော ရထားစက်ခေါင်းအမှတ် A01 ရေနွေးငွေ့စက်ခေါင်းအား အသုံးပြု၍ ရထားစတင်ပြေးဆွဲခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်သန္ဓေတည်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သက်တမ်းရင့် အတွေ့အကြုံနှင့် ခိုင်မာသောကွန်ရက်

မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နှစ်ပေါင်း ၁၄၉ နှစ်ကျော်တိုင် သမိုင်းကြောင်းရှည်လျားစွာရှိခဲ့သည်။ မြန်မာ့မီးရထားသည် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင်ရှိသည့် ရထားပို့ဆောင်ရေးလုပ်ငန်း အဖွဲ့အစည်းများအနက် သက်တမ်းရင့်ပြီး များစွာအတွေ့အကြုံ ကြီးမားသောအဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိရထားလမ်းခရီးမိုင် ၃၈၆၈ ဒသမ ၅၉ မိုင်၊ သံလမ်းမိုင် ၄၈၄၅ ဒသမ ၀၈ မိုင်၊ တံတားကြီး/ငယ် အစုံး ၁၂၄၀၀၊ ဘူတာပေါင်း ၉၆၂ ဘူတာတို့ဖြင့် နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်ကို ခိုင်မာစွာတည်ဆောက်ထားရှိပြီး ပြည်သူတို့၏ လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လက်ရှိ ရထားပို့ဆောင်ရေး လုပ်ငန်းမှ ဝန်ဆောင်မှုတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းလိုက်ပါနိုင်ရေးအတွက် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ခေတ်မီ DEMU ရထားများ၊ ခရီးတို RBE ရထားများအပြင် ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်-တောင်တွင်းကြီး-ပျဉ်းမနား-ပုဂံ၊ ပုသိမ်-ဟသ်တ-ကြံခင်း၊ သာစည်-ရွှေညောင်-တောင်ကြီး၊ မိုးညှင်း-မြစ်ကြီးနာ၊ ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းများနှင့် အခြားသော ရထားလမ်းပိုင်းများပေါ်တွင် နေ့စဉ်လူစီးအမြဲရထား ၂၄ စင်း၊ စာပို့ရထား ၁၀ စင်း၊ လူစီး/ကုန်တင်ရထား ရုစ်စင်း၊ ခရီးတိုရထား ၁၂ စင်းနှင့် ရန်ကုန်မြို့ပတ်ရထား ၂၇ စင်း၊ စုစုပေါင်း ၈၁ စင်းဖြင့် ခရီးသွားလိုအပ်ချက်နှင့်အညီ ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။

ခေတ်မီ DEMU အမြန်ရထားတွဲဆိုင်းအသစ်များအား ရန်ကုန်-မန္တလေး ရထားခရီးစဉ်၊ ရန်ကုန်-နေပြည်တော် ရထားခရီးစဉ်၊ ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်၊ ရန်ကုန်-ပဲခူး ရထားခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ရထားပြေးဆွဲခြင်းများတွင် ထည့်သွင်းအသုံးပြု၍ ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိနေသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်ကြီး-ပေါမူ ရထားလမ်းပိုင်းတွင် ရှူခင်းကြည့်ရထား နှစ်စင်းအား အပတ်စဉ် စနေ/တနင်္ဂနွေနေ့များတွင် ပြေးဆွဲပေးလျက်ရှိသည်။ ထို့ပြင် ဂုတိထိပ်-ပြင်ဦးလွင်ရထားလမ်းပိုင်းတွင် RBE ရထားနှစ်စင်း၊ ကလော-ဟဲဟိုး-မြင်းခိုက်-အောင်ပန်းရထားလမ်းပိုင်းတွင် ခရီးသွားအဖွဲ့လိုက် စီးနင်းလို၍ ငှားရမ်းမှုရှိလာပါက ရှူခင်းကြည့်အထူး ရထားတစ်စင်းအား စီစဉ်ဆောင်ရွက်ပေးထားသည်။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်း အတွင်း ခေတ်မီ DEMU မြို့ပတ်ရထား လေးစင်းနှင့် RBE မြို့ပတ်ရထား ၁၁ စင်း၊ ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL) များ အသုံးပြု ပြေးဆွဲပေးလျက်ရှိသော မြို့ပတ်ရထား ၁၂ စင်း စုစုပေါင်း ၂၇ စင်း ဖြင့်ပြေးဆွဲ၍ ရန်ကုန်မြို့တွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖြစ် ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ရန်ကုန်-ပြည် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံခြင်းဆောင်ရွက်မှု

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် ရန်ကုန်-ပြည်ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသုံးပြု၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း ဘူတာပေါင်း ၁၉ ဘူတာ၊ ပေ ၄၀ အထက် တံတားကြီး ၄၀ နှင့် ပေ ၄၀ အောက် တံတားငယ် ၂၄၄ စင်း စုစုပေါင်း တံတားကြီး/ငယ် ၂၈၄ စင်းရှိသည်။

မြန်မာ့မီးရထားအနေဖြင့် အဆိုပါရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲ၍ ရထားလမ်းတာပခုံးမြေဖို့ခြင်း၊ သံလမ်း မ မြွှောက်ပက်ကင်ရိုက်ခြင်း၊ စက်ယန္တရားကြီးများအသုံးပြု၍ ပက်ကင်ရိုက်ခြင်း၊ လမ်းခင်းကျောက်များ ထပ်တိုးဖြည့်သွင်းခြင်းနှင့် သံလမ်း ကိုးချောင်း ဂဟေဆက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရန်ကုန် - ပြည် ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်မှုလုပ်ငန်းများ အထိုက်အလျောက် ပြီးစီးပြီဖြစ်သဖြင့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များအသုံးပြု၍ ရန်ကုန်-ပြည်-ရန်ကုန် နေ့ချင်းပြန်ခရီးစဉ်အဖြစ် စတင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ယခင်က ရန်ကုန်-ပြည် ရထားခရီးစဉ်ကို စက်ခေါင်းနှင့် လူစီးတွဲများအသုံးပြုပြေးဆွဲပေးခဲ့စဉ်က ရထားပြေးဆွဲချိန် ၈ နာရီခွဲ ကြာမြင့်ပါသည်။ ယခုအခါ ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များအသုံးပြု၍ ပြေးဆွဲခြင်းဖြင့် ရထားပြေးဆွဲချိန် ၆ နာရီသာ ကြာမြင့်တော့မည်ဖြစ်ပါသည်။

DEMU ရထားခရီးစဉ်၊ အချိန်ဇယားနှင့် ရထားလက်မှတ်ခန့်ထားများ

ရန်ကုန်-ပြည်ရထားခရီးစဉ်အဖြစ် အမှတ်(၇၃) အဆန် DEMU ရထားသည် နံနက် ၅ နာရီခွဲတွင် ရန်ကုန်ဘူတာမှ စတင်ထွက်ခွာ၍ ပြည်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ပြည်-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၇၄) အစုန် DEMU ရထားသည် မွန်းလွဲ ၁ နာရီတွင် ပြည်ဘူတာမှစတင်ထွက်ခွာ၍ ည ၇ နာရီတွင် ရန်ကုန်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်သည်။ အဆိုပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်းနှစ်တွဲ၊ ပထမတန်း လေးတွဲပါရှိပြီး စုစုပေါင်းအထက်တန်းထိုင်ခုံ ၆၆ ခုံနှင့် ပထမတန်းထိုင်ခုံ ၂၄ ခုံတွင် စုစုပေါင်းခရီးသည် ၂၉၀ စီးနင်းလိုက်ပါနိုင်သည်။

လက်မှတ်ခန့်ထားအနေဖြင့် ခရီးစဉ်အစအဆုံး အထက်တန်းထိုင်ခုံတစ်ခုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းနှင့် ပထမတန်းထိုင်ခုံ တစ်ခုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြစ်ပြီး ရန်ကုန်-ပြည် -ရန်ကုန် ခရီးစဉ် တစ်လျှောက် တည်းကုန်း၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ နတ်တလင်းနှင့် ပေါင်းတည်ဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်သည်။


စာမျက်နှာ ၇ သို့

- **ရန်ကုန်-ပြည်အကြား ရထားပြေးဆွဲချိန် ၆ နာရီသာကြာမြင့်မည်ဖြစ်ပြီး DEMU ရထားတွဲဆိုင်းအား နေ့ချင်းပြန်ပြေးဆွဲသွားမည်ဖြစ်သည်။ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များအသုံးပြု၍ ပြေးဆွဲပေးနိုင်ခြင်းဖြင့် ရထားပြေးဆွဲချိန်လျော့ချပေးနိုင်ပြီး ပြည်သူများ၏ ခရီးသွားလာရေးအား ပိုမိုလွယ်ကူအဆင်ပြေစေမည့်အပြင် ရထားလမ်းတစ်လျှောက် ရှိရာဒေသများ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများကိုလည်း အထောက်အကူပြုနိုင်မည်**
- **ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်ဖြင့် နေ့ချင်းပြန် ပြေးဆွဲပေးသွားမည့် အမှတ်(၇၃)အဆန်နှင့် အမှတ် (၇၄)အစုန် DEMU လူစီးရထားများဖြင့် စီးနင်းလိုက်ပါကြမည့်ခရီးသည်များအနေဖြင့် ရထားတွဲပေါ် ဆေးလိပ်သောက်ခြင်းအား တားမြစ်ထားပါကြောင်း၊ အစားအသောက်အကြွင်းအကျန်များနှင့် အမှိုက်များထည့်ရန် ရထားတွဲပေါ်တွင် အမှိုက်ပုံးများထားရှိကြောင်း၊ စနစ်တကျ အမှိုက်ပစ်ပေးကြစေလိုပါကြောင်း မြန်မာ့မီးရထားက နှိုးဆော်ထား**

33rd SEA Games 2025 (Thailand) နှင့် Heyball Masters Tour 2026 (China) ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ဘိလိယက်နှင့် စနူကာ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် 33rd SEA Games 2025 (Thailand) ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခုတို့ဖြင့် နိုင်ငံ့ဂုဏ်ဆောင် ဘိလိယက်နှင့် စနူကာ အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်များနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် Heyball Masters Tour 2026 (China) ပြိုင်ပွဲတွင် Runner-up ဒုတိယဆုရရှိခဲ့သည့် မောင်ဘုန်းမြင့်ကျော်(ခ) အားဂိတ်တို့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်း မဝတလမ်းဆုံအနီး GOLDEN PARK Hotel (Ruby Hall)၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက 33rd SEA Games 2025 (Thailand) ပြိုင်ပွဲတွင် ဘိလိယက်အသင်းလိုက် ရွှေတံဆိပ်ဆုရ ဦးပေါက်စ၊ ကိုအောင်ဌေးနှင့် ကိုနေသွေးဦး၊ Heyball Masters Tour 2026 (China) ပြိုင်ပွဲတွင် Runner-up ဆုရ မောင်ဘုန်းမြင့်ကျော်၊ 33rd SEA Games 2025 (Thailand)ပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်း ငွေတံဆိပ်ဆုရ ဦးပေါက်စ၊ 33rd SEA Games 2025 (Thailand)ပြိုင်ပွဲတွင် စနူကာတစ်ဦးချင်း ကြေးတံဆိပ်ဆုရ မောင်ဘုန်းမြင့်ကျော်၊ 33rd SEA Games 2025 (Thailand)ပြိုင်ပွဲတွင် စနူကာ 6 – Red တစ်ဦးချင်း ကြေးတံဆိပ်ဆုရ မောင်နေမင်းထွန်း၊ 33rd SEA Games 2025 (Thailand)ပြိုင်ပွဲတွင် စနူကာအသင်းလိုက် ကြေးတံဆိပ်ဆုရ မောင်ဘုန်းမြင့်ကျော်၊ မောင်ဝင်းကိုကိုနှင့် မောင်ကျော်ဝေယံစိုး၊ 33rd SEA Games 2025 (Thailand) ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခုရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသည့် အုပ်ချုပ်သူ၊ နည်းပြအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်း အောင်မြင်မှုရရှိစေရေး စည်းဝေး

နေပြည်တော် ဩဂုတ် ၁

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်းအောင်မြင်မှုရရှိစေရေးနှင့် မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၆)ကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက မြားပစ်အဖွဲ့ချုပ်၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများနှင့် မြားပစ်အားကစားနည်း ပြန်လည်ဦးမော့လာစေရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမား ၁၂ ဦးအား ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

အာကာ



မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) အဆောက်အအုံ ပြန်လည်တည်ဆောက်

ရန်ကုန် ဩဂုတ် ၁

၂၀၂၅ ခုနှစ် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားရသည့် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) အဆောက်အအုံသစ်အား ပြန်လည်တည်ဆောက်လျက်ရှိသည်။



ငလျင်ဒဏ် ခံရပြီးနောက် အဆောက်အအုံပျက်စီးခဲ့ပြီး ဖြိုချရှင်းလင်းခြင်းများ ပြုလုပ်ကာ လက်ရှိအချိန်တွင် အဆောက်အအုံသစ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စတင်နေပြီဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြန်မာဘောလုံး အကယ်ဒမီ အဆောက်အအုံအား လာမည့် ၂၀၂၇ ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်နေသည်။ ကျောင်းသားဦးရေ ၁၀၀ ကျော် တက်ရောက်နိုင်မည့် အကယ်ဒမီ တည်ဆောက်မှု ကုန်ကျစရိတ် အနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရှိပြီး ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ) မှ ဒေါ်လာ သုံးသိန်း (ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်း) ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

သတင်း – ချစ်ကိုကို

ဓာတ်ပုံ – MFF



ကျောက်တန်းမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အမကပညာရေးဝန်ထမ်းများ ငွေပဒေသာ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အမက (စံချိန်မီ)၌ ဇူလိုင် ၃၁ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အသင်း၌ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်း၏ဆောင်ရွက်ချက်နှင့် အောင်မြင်မှုများကို ရှင်းလင်းတင်ပြ၍ မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်နွယ်နွယ်ခိုင်က အသင်း၏ ဆောင်ရွက်ချက်များကို သုံးသပ်ဆွေးနွေးရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသားများအား အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးများပေးအပ်ပြီး နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

◎ စာမျက်နှာ ၆ မှ

ရန်ကုန်-ပြည်အကြား ရထားပြေးဆွဲချိန် ၆ နာရီ သာကြာမြင့်မည်ဖြစ်ပြီး DEMU ရထားတွဲဆိုင်းအား နေ့ချင်းပြန် ပြေးဆွဲသွားမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန် – ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အဆို့ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Ticketing and Payment System – ORTP စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနှစ်ရက်နှင့်ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်သည်။

ရန်ကုန်-ပြည် ရထားလမ်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအတွင်းရှိ မြို့နယ်များကို ချိတ်ဆက်ပေးထားပြီး အရေးပါသော အများပြည်သူသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များ အသုံးပြု၍ ပြေးဆွဲပေးနိုင်ခြင်းဖြင့် ရထားပြေးဆွဲချိန်လျှော့ချပေးနိုင်ပြီး ပြည်သူများ၏ ခရီးသွားလာရေးကို ပိုမိုလွယ်ကူအဆင်ပြေစေမည့်အပြင် ရထားလမ်းတစ်လျှောက်ရှိရာဒေသများ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ခရီးသွားအဆင်ပြေမှုနှင့် အသွားအပြန် ဘူရားဖူးခရီးစဉ်

DEMU ရထားတွဲဆိုင်းတစ်ခုလုံးတွင် လေအေးပေးစက်စနစ် တပ်ဆင်ထားခြင်းဖြစ်၍ ရထားတွဲအတွင်း အပူအအေးမျှတမှုရှိသဖြင့် လမ်းခရီးပင်ပန်းနွမ်းနယ်မှုမရှိဘဲ သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်သည်။ ယခု ရန်ကုန်-ပြည်အကြား ခေတ်မီ DEMU ရထားတွဲဆိုင်း အသုံးပြုပြေးဆွဲပေးခြင်းဖြင့် မြန်မာနိုင်ငံဒေသအသီးသီးမှ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် အပန်းဖြေခရီးသွားကြမည့်သူများနှင့် ဘုရားဖူးခရီးသွားရောက်လိုသူများအတွက်များစွာအဆင်ပြေနိုင်မည်ဖြစ်သည်။

ပြည်မြို့သည် သမိုင်းဝင်အမွေအနှစ်များစွာ တည်ရှိပြီး သဘာဝအလှအပများဖြင့် ပြည့်စုံလျက် ရှိသော အထင်ကရမြို့ကြီးတစ်မြို့လည်း ဖြစ်သည်။ ပြည်မြို့သို့ ရောက်ရှိပါက မြတ်စွာဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်များ ကိန်းဝပ်စံပယ်တော်မူရာ သမိုင်းဝင်အထင်ကရ ရွှေဆံတော်ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်သည်။ ထို့အပြင် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများစွာကို လှည့်လည်ဖူးမြော်ခြင်း၊ ဧရာဝတီမြစ်ကမ်းဘေး လေညင်းခံရင်း အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ခြင်း၊ ဧရာဝတီမြစ်ကူး နဝေးတံတားကြီးကိုဖြတ်၍ ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိ ရှေးဟောင်းရုပ်ပွားဆင်းတုတော် မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်နိုင်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျဖြို့ ဟောင်းသို့ သွားရောက်လည်ပတ်၍ သမိုင်းဝင် ဘောဘောကြီးစေတီတော်အား ဖူးမြော်နိုင်ပြီး ရှေးဟောင်းဗိသုကာနှင့် ပျူခေတ်လက်ရာ အဆောက် အအုံများကို လှည့်လည်လေ့လာနိုင်သည်။

ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်ဖြင့် နေ့ချင်းပြန် ပြေးဆွဲပေးသွားမည့် အမှတ်(၇၃)အဆန်းနှင့် အမှတ် (၇၄)အစုံနှင့် DEMU လူစီးရထားများဖြင့် စီးနင်း လိုက်ပါကြမည့်ခရီးသည်များအနေဖြင့် ရထားတွဲပေါ် ဆေးလိပ်သောက်ခြင်းအား တားမြစ်ထားပါကြောင်း၊ အစားအသောက်အကြွင်းအကျန်များနှင့် အမှိုက်များထည့်ရန် ရထားတွဲပေါ်တွင် အမှိုက်ပုံးများထားရှိကြောင်း၊ စနစ်တကျ အမှိုက်ပစ်ပေးကြစေလိုပါကြောင်း မြန်မာ့မီးရထားက နှိုးဆော်ထားသည်။

DEMU ရထားတွဲဆိုင်းသည် နိုင်ငံတကာရထားပို့ဆောင်ရေးလုပ်ငန်းများတွင် လက်ရှိအသုံးပြုနေသည့် ခေတ်မီရထားတွဲဆိုင်းအမျိုးအစားဖြစ်ပြီး ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် ဘဏ္ဍာငွေကြေးအမြောက်အမြား အကုန်ကျခံ၍ ဝယ်ယူဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။ ပြည်သူပိုင်ပစ္စည်းများဖြစ်သည့်အတွက် ခရီးသွားပြည်သူများကလည်း မိမိပိုင်ပစ္စည်းများကဲ့သို့ စနစ်တကျ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက် ပေးကြပါရန်ကိုလည်း မြန်မာ့မီးရထားက တိုက်တွန်းနှိုးဆော်ထားပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

■

ထားဝယ်မြို့၌ ထာဝရငြိမ်းချမ်းရေးဆုတောင်းပွဲ ကျင်းပ

ထားဝယ် သြဂုတ် ၁

ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း တစ်ခုတည်း၏ တာဝန်သာမဟုတ်ဘဲ နိုင်ငံသားတိုင်း ပါဝင်တည်ဆောက်ရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ထာဝရငြိမ်းချမ်းရေးဆုတောင်းပွဲတွင် ပြောကြားသည်။

ကြီးမှူးကျင်းပ

အဆိုပါ ဆုတောင်းပွဲကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကိုးကွယ်ယုံကြည်မှု ကွဲပြားသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား Unity in Diversity, Peace in Diversity ကို ထာဝရတည်ဆောက်သွားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။



ဆုတောင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး ဖယောင်းတိုင် ထွန်းညှိပေးပြီး တိုင်းဒေသကြီး လွတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များနှင့်အတူ ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းက သုတ/ရသစာအုပ်များ လှူဒါန်း

မြဝတီ သြဂုတ် ၁

ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျောင်းစာကြည့်တိုက်များ၌ သုတ/ရသစာအုပ်များ စုံလင်စွာထားရှိနိုင်စေရန် ယနေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းက သုတ/ရသစာအုပ် ၁၀၀ ကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက သုတ/ရသစုံစာအုပ်စာစောင် ၁၀၀ ကို အဆိုပါကျောင်းရှိ ပညာရတနာစာကြည့်တိုက်အတွက် လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ရန်ကင်းမြို့နယ်၌ ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် သြဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်နှင့် မမွှေရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်နှင့် သင်တန်းနည်းပြ ဦးမြင့်စိုးတို့က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို သြဂုတ် ၁ ရက်မှ ၁၆ ရက်အထိ အပတ်စဉ်



စနေ၊ တနင်္ဂနွေနေ့များ၌ ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်နှင့် ကသာပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်လျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ဒေးဒရဲမြို့နယ်၌ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

ဒေးဒရဲ သြဂုတ် ၁

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လေးအိမ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူများအား စားကျက်ပယ်ဖျက်ဇကများကို လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းမွန်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များက လေးအိမ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ၉၉ ဦး၏ ဦးပိုင် ၁၀၄ ဧကရှိသော ၆၄၄ ဒသမ ၆၅ ဧကအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်များကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အေဇာလင်း



မြောင်းမြမြို့၌ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မြောင်းမြ သြဂုတ် ၁

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့ ကံကြီးကျေးရွာတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ “တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးစိုးနိုင် တို့က အမှာစကား ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁)ဦးစိုးနိုင်၊ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်ဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တေဇာထွန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးထွန်းထွန်းလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဌေးဌေးအောင်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးစိုးဝင်းနိုင်တို့က “တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခွဲသိဂိုက Moderator အဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြိတ်မြို့၌ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေး

မြိတ် သြဂုတ် ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နိုင်ငံတော်မှရသင့်ရတိုက်သောဝင်ငွေခွန်များရရှိစေရန်၊ အခွန်လွတ်ကင်းမှုများ မဖြစ်ပေါ်စေရန်နှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုကဏ္ဍရှိ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၃၁ ရက်က မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ရှင်းလင်း ဆွေးနွေးရာတွင် မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှဌေးဦးက ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုပေးသည့် ဆေးရုံ/ဆေးခန်းများအနေဖြင့် ကျန်းမာရေး



စောင့်ရှောက်မှု ပေးသူများ၏ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ ဝင်ငွေများအပေါ် ငွေထုတ်ပေးချိန်၌ ကြိုတင်ဝင်ငွေခွန်(၂) ရာခိုင်နှုန်းကို ပင်ရင်းမှ နုတ်ယူပေးသွင်းခြင်း လုပ်ငန်းစဉ်၊ အခွန်စည်းကြပ်ရာ စနစ်တကျဖြစ်စေရေးနှင့် အခွန်ပေးဆောင်ခြင်း ကြောင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ကျောက်တံတားမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းတွင်းအာဟာရကျွေးမွေး

ရန်ကုန် သြဂုတ် ၁

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ယနေ့နံနက်ပိုင်းက KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း



အာဟာရကျွေးမွေးကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်တံတားမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် အခြေခံပညာ အလယ်တန်းကျောင်းရှိ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ KNU ၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၂၈၀၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦး တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်း သို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည် လွှဲပြောင်း အပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU ၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 အမျိုးအစား သေနတ် နှစ်လက်၊ MA –2 အမျိုးအစား သေနတ် တစ်လက်၊ MA –3 အမျိုးအစား သေနတ်တစ်လက်၊ MA –4 အမျိုးအစား သေနတ် တစ်လက်၊ M–22 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် နှစ်လက်၊ ပွိုင့် ၂၂ စနိုက်ပါ အမျိုးအစား သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ စုစုပေါင်းလက်နက်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၇ ခု၊ ကျည်မျိုးစုံ ၆၇၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။(အပေါ်ပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရှိုင်ဖယ်သေနတ် ကိုး လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေ ကျပ် ငါးသိန်း၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးအတွက် ဆုကြေးငွေကျပ် ၃၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ် ၂၉၁ သိန်း စုစုပေါင်း ဆုကြေးငွေကျပ် ၇၈၂ သိန်းနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းအား ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား လေးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ရှစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၈၇ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး လေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား လေးဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ တောင်သာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား၁၂ ဦး၊ ချောက်မြို့နယ်မှ အမျိုးသား ငါးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား သုံးဦး၊ မင်းလှမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး နှစ်ဦး၊ ပေါင်း အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းစိုလိမ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမူကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိ နေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများ၏ ရင်တွင်းစကား သံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ သူငယ်ချင်းတွေရဲ့ တိုက်တွန်း မှုနဲ့ အိမ်က အဆင်မပြေမှုတွေကြောင့် ရောက်သွားတာ။ အဲဒီအဖွဲ့အစည်းမှာ ကျွန်တော် သင်တန်းနှစ်ပတ် တက်ခဲ့ရပါတယ်။ အဖွဲ့အစည်းမှာ မနေချင်တော့တဲ့ အကြောင်းရင်းတစ်ခုက ကျွန်တော်တို့ကို ရှေ့တန်းမှာ အသေခံပုံစံမျိုးကြီးထားထားတာ။ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့သေ သူတို့မသေရင် ပြီးတာပဲ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သဘောနဲ့ ကျွန်တော်တို့ကို ထားထားတယ်။ သေနတ်ကိုလည်း မကောင်းတဲ့ GUN နဲ့ ကောင်းတဲ့ GUN ဆို မကောင်းတဲ့ GUN က သုံးလလောက်နဲ့ ကောင်းတဲ့ GUN က တစ်လလောက်ပဲ ပေးထားတယ်။ ရွာထဲကိုသွားပြီးတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါး လိုက်နဲ့။ ကျွန်တော်တို့ဆီမှာကျ တော့ ဘာပျော်ရွှင်မှုမှ ဘာလွတ်လပ်ခွင့်မှမရှိဘူး။ နောက်ပြီးတော့ ခေါင်းဆောင်ပိုင်းတွေ ရှိတယ်။ အလျူခံ အလျူခံဆို သူတို့အိတ်ထဲကို ထည့်တယ်။ သူတို့မိန်းမတွေဆီ လွှဲပေးတယ်။ သူတို့သားသမီးတွေ ကောင်းစားဖို့အတွက် လုပ်နေတာ။ တန်းစီကွင်းထဲရောက် တိုင်းလည်း အမြဲတမ်းပြောတယ်။ တပ်မတော်ဘက်ကို သွားရင် နင်တို့ကို ညှဉ်းပန်းနှိပ်စက်မယ်၊ သတ်မယ်၊ အရှင်လတ်လတ် မီးရှို့တာတွေရှိတယ်။ ကျွန်တော် အခုရောက်တော့ အဲဒီလိုမဟုတ်ဘူး။



တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်၊ နေစရာ ထိုင်စရာ ပေးတယ်၊ စားစရာပေးတယ်၊ ထောက်ပံ့တယ်၊ မိဘထံ ပြန်အပ်နှံပေးတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကို မောင်နှမတွေလည်း တပ်မတော်နဲ့ အဖြန်ဆုံးပူးပေါင်းပြီး အလင်းဝင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်မ ဒီထဲကိုစရောက်တာတော့ ကျွန်မသူငယ်ချင်း တစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ စရောက်တာပါ။ သူငယ်ချင်းက ဒီထဲကိုလာခဲ့ဖို့ခေါ်တော့ ကျွန်မ လည်း အဆင်ပြေပြေနဲ့ဆိုတော့ ရောက်သွားတယ်။ ရောက်သွားတော့ ကျွန်မ အဲဒီမှာ တစ်လ သင်တန်းတက်ခဲ့ရတယ်။ သင်တန်း တက်ပြီး ကျွန်မတို့ကို စားဖို့မှာ တာဝန် ထမ်းဆောင်ခိုင်းတယ်။ ကျွန်မတို့ စားဖို့မှာ တစ်ပတ်တစ်ခါ အသီးအရွက်နဲ့ ဆန်ရိက္ခာတွေ လာပို့တယ်။ လာပို့တဲ့အချိန်မှာ ကျွန်မတို့ ထမင်းတစ်နေ့ကို နှစ်နပ်စာပဲ စားရတယ်။ တစ်ခါ တလေကျရင် ခရမ်းချဉ်သီး တစ်ခွက်နဲ့လည်း စားခဲ့ရတယ်။ ဒုက္ခတွေလည်း အများကြီးကြုံခဲ့ရ တယ်။ စားဖိုဝင်ပြီး နောက်ပိုင်းကျ တော့ ကျွန်မတို့ကို ရွာတွေမှာ ထောက်ပို့ထိ ရောင်းခိုင်းတယ်။ အစပိုင်းကတော့ ပြည်သူတွေက ကျွန်မတို့ကို ကြည်ဖြူတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို မကြည်ဖြူတော့ဘူး။ ထီရောင်း မယ်ဆိုရင် ထောက်ပို့ထီလေး အားပေးပါဦးလို့ ကျွန်မတို့က ပြောလိုက်ရင်တောင် 'သွားသွား မလာနဲ့၊ နင်တို့ကို လက်မခံတော့ဘူး၊ နင်တို့ထီတွေလည်း အားမပေးချင်တော့ဘူး' ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ ထောက်ပို့ထီတွေ ရောင်းလို့ရတဲ့ ငွေတွေကျတော့ ကျွန်မတို့ ရောင်းပေးရရဲ့ သူတို့အကြီးပိုင်း တွေကို အကုန်လုံးပြန်အပ်ရ တယ်။ အဲဒီငွေတွေကလည်း ဘယ်နေရာမှာ ဘယ်လိုသုံးတယ် ဆိုတာလည်း ကျွန်မတို့ကို မပြောပြဘူး။ ဒါပေမဲ့ သူတို့က



တော့ အမြဲတမ်း KTV သွားတယ်၊ ဘီယာဆိုင် ထိုင်တယ်။ သူတို့ ကိုယ်ကျိုးအတွက်ပဲ အမြဲတမ်း ရှိတာ။ အောက်က ရဲဘော်တွေ ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ သူတို့ ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုး တွေနဲ့ ပိုဆိုးလာခဲ့တယ်။ အဲဒီ အချိန်မှာ ကျွန်မက ဒီထဲမှာ မနေ ချင်တော့တဲ့အတွက် ထွက်ပြေး လာခဲ့တာ။ ပြီးတော့ ကျွန်မတို့ အဲဒီထဲမှာနေခဲ့ရတဲ့ နှစ်နှစ်တာ အတွင်းမှာ ကျွန်မတို့အတွက် အသက်အာမခံဆိုတာ မရှိခဲ့ဘူး။ လုံခြုံရေးဆိုတာလည်း မရှိခဲ့ဘူး။ ဘယ်အချိန် ကိုယ့်ကို ဘယ်လို လုပ်မလဲဆိုတာပဲ တွေးပြီးတော့ ကြောက်နေရတာ။ အဲဒီအချိန်မှာ သူငယ်ချင်းတွေကလည်း အလင်း ဝင်သွားတဲ့သူတွေ ရှိတဲ့အတွက် အလင်းလာပြီးတော့ ဝင်ရောက် တာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ပြော ချင်ပါတယ်။ သူတို့ ပြောသလိုမျိုး ဒီထဲကို အလင်းလာဝင်ရင်လည်း သတ်ဖြတ်ပြီးတော့ နှိပ်စက်နေ တာ မဟုတ်ပါဘူး။ ထင်သလိုမျိုး တစ်ခုမှမဟုတ်ပါဘူး။ အကုန်လုံး က မောင်နှမတွေလို နွေးနွေး ထွေးထွေးနဲ့ ကြည်ကြည်ဖြူဖြူနဲ့ အစားအသောက် အနေအထိုင် ကစ အကုန်လုံးပြည့်စုံအောင် ထားတာ။ အဲဒါကြောင့်မို့ တောထဲ မှာနေတဲ့ PDF တွေအကုန်လုံးကို ဒီမှာ အလင်းလာရောက် ဝင်စေ ချင်ပါတယ်လို့ ပြောချင်ပါတယ်။

သတင်းစဉ်

အခွန်ထမ်းပြည်သူများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးနေသော အခွန်ဝန်ဆောင်မှုများ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေရရှိမှုသည် အလွန်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

နိုင်ငံတော်အစိုးရက ပြည်သူများအတွက် နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေများကို ပြည်တွင်းအခွန်အကောက်နှင့် အခြားရငွေများမှ အဓိကထား ကောက်ခံလျက်ရှိပါသည်။

သို့ဖြစ်ရာ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ မွန်မြတ်သောတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ အဆိုပါ အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် အခက်အခဲမရှိဘဲ လွယ်ကူချောမွေ့စွာ ဆန္ဒအလျောက်အခွန်ပေးဆောင်နိုင်ရန် ဝန်ဆောင်မှုပေးရမည့်တာဝန်မှာလည်း ပြည်တွင်းအခွန်များဦးစီးဌာန၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

ယနေ့ခေတ်ကာလတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် “အခွန်ကောက်ခံသည့် အာဏာပိုင်အဖွဲ့အစည်း (Tax Collecting Agency)” ဟူသော သမားရိုးကျအယူအဆမှ “အခွန်ထမ်းပြည်သူများအား ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း (Taxpayer Service Agency)” အဖြစ်သို့ အသွင်ကူးပြောင်းကာ အခွန်ထမ်းပြည်သူများ အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ပြည်သူများ အခွန်ပေးဆောင်ရာတွင် အချိန်ကုန်၊ ငွေကုန်သက်သာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်၍ ပြည်တွင်းအခွန်များဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အခွန်ထမ်းမိဘ ပြည်သူများထံသို့ သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲနှင့် အခွန်ရုံးအသီးသီး၏ အခွန်ထမ်းဝန်ဆောင်မှုအဖွဲ့များ အခွန်ဆိုင်ရာ ဝန်ဆောင်မှုဌာနခွဲမှ ဝန်ဆောင်မှုများ ပေးအပ်ခြင်း

ပြည်တွင်းအခွန်များဦးစီးဌာနသည် ဌာန၏ဖွဲ့စည်းပုံအား အခွန်ကိုအခြေခံသည့် ဖွဲ့စည်းပုံ (Tax-Based Organization Structure) မှ လုပ်ငန်းတာဝန်ကိုအခြေပြုသည့် ဖွဲ့စည်းပုံ (Function Based Organization Structure) သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရာ အခွန်ထမ်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် ယေဘုယျနှင့် သာမန်အခွန်ဆိုင်ရာကိစ္စရပ်များကို လူကိုယ်တိုင် သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အစိုးရဌာနများ၊ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်းများက လုပ်ငန်းလိုအပ်ချက်များနှင့်အညီ သင်တန်းပို့ချပေးပါရန် ညှိနှိုင်းတောင်းခံလာပါကလည်း အခွန်ပညာမျှဝေခြင်းလုပ်ငန်း အစီအစဉ်အရ သင့်လျော်သောနည်းပြများကို စေလွှတ်ကာ အခွန်ဘာသာရပ်သင်ခန်းစာများ ပို့ချပေးလျက်ရှိပါသည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်(ရုံးချုပ်) တို့တွင် ရုံးများဖွင့်လှစ်၍ အခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အခွန်ထမ်းအမျိုးအစားအလိုက် အခွန်ရုံးအသီးသီးက အခွန်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်ခြင်း

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများ၏လုပ်ငန်းအမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် နှစ်အဆက်ဆက် အခွန်ထမ်းဆောင်မှုအခြေအနေ စသည့်အချက်အလက်များအပေါ် အခြေခံလျက် ပုဂ္ဂိုလ်စုအခွန်ထမ်းများကို အခွန်ထမ်းအမျိုးအစားအုပ်စုခွဲခြား၍ စည်းကြပ်ခံရမည့် အခွန်ရုံးများသတ်မှတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ရာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ စသည်ဖြင့် အခွန်ရုံးများ သတ်မှတ်၍ အခွန်ဆိုင်ရာဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

အဆိုပါရုံးများတွင် အခွန်ထမ်းဝန်ဆောင်မှုဌာနစုများကို စနစ်တကျဖွဲ့စည်းထားပြီး အခွန်ထမ်းများအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်ရှင်းလင်းချက်များ၊ အခွန်ဆိုင်ရာ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့် အခြားအခွန်ဆိုင်ရာ အထွေထွေသိရှိလိုသည်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို လူကိုယ်တိုင်လာရောက်မေးမြန်းခြင်း၊ တယ်လီဖုန်းဖြင့်မေးမြန်းခြင်း၊ စာဖြင့်မေးမြန်းခြင်းများကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ဆောင်မှုများ ပေးအပ်ကူညီလျက်ရှိပါသည်။

မြို့နယ်အခွန်ရုံးအသီးသီးမှ ဝန်ဆောင်မှုပေးခြင်း

အခွန်ထမ်းပြည်သူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေတို့ရှိ မိမိနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ရုံးအသီးသီးရှိ ပြည်သူ့ဆက်ဆံရေးဌာနစီတ်များတွင် အခွန်ဆိုင်ရာ သိရှိလိုသည်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းနိုင်သလို အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၏ ရုံးများတွင် လူကိုယ်တိုင်လာရောက်မေးမြန်းခြင်း၊ တယ်လီဖုန်းသို့မဟုတ် စာဖြင့်မေးမြန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

ဒီဂျစ်တယ်အခွန်ဝန်ဆောင်မှုများ

ပြည်တွင်းအခွန်များဦးစီးဌာနသည် e-Registration၊ e-Payment နှင့် e-Filing စနစ်များဖြင့် အခွန်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နိုင်သည့်အတွက် အခွန်ထမ်းပြည်သူများ၏ “အချိန်ကုန်၊ လူပင်ပန်း၊ အပိုကုန်ကျစရိတ်” များကို အထိရောက်ဆုံးလျှော့ချပေးနိုင်ခဲ့ပါသည်။ e-Help Desk Service သည် ဒီဂျစ်တယ်အခွန်စနစ်များကို အခွန်ထမ်းများက ပိုမိုယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရန် ကူညီပံ့ပိုးပေးစွမ်းနိုင်သောကြောင့် အခွန်ထမ်းဗဟိုပြုဝန်ဆောင်မှုစနစ်ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

အီလက်ထရောနစ်ဝန်ဆောင်မှုများပေးအပ်ခြင်း

e-Registration Service (အွန်လိုင်းမှတ်ပုံတင်ခြင်းဝန်ဆောင်မှု)

ကုမ္ပဏီအခွန်ထမ်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိပြီး ရက်ပေါင်း ၉၀ အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (TIN Certificate) ကို အွန်လိုင်းမှလျှောက်ထားရန် သတ်မှတ်ထားပါသည်။

> **“အခွန်ထမ်းပြည်သူများသည် ငွေသားအမြောက်အများကို ကိုင်တွယ်သယ်ဆောင်၍ ဘဏ်များတွင် တန်းစီစောင့်ဆိုင်းရသည့်အခက်အခဲနှင့် ဆုံးရှုံးအန္တရာယ်ရှိနိုင်ခြေများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ e-Payment Service က ဖြေရှင်းလျှော့ချပေးလျက်ရှိပါသည်။ အခွန်ထမ်းများသည် e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ ပေးဆောင်ခြင်း၊ CBM NET အသုံးပြုသည့် IRD နှင့် API နည်းပညာဖြင့် ချိတ်ဆက်ထားသောဘဏ်များဖြစ်သည့် CB၊ AYA၊ KBZ၊ MAB၊ AGD၊ MWD၊ .....တို့၏ i-Banking၊ Mobile Banking၊ Mobile Payment (AYA Pay၊ uabPay၊ One Pay၊ .....) တို့ကို အသုံးပြု၍ ငွေလွှဲပြောင်းပေးသွင်းခြင်းနှင့် MMQR Code ကို အသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းများကို ဖော်ပြပါနည်းလမ်းများမှတစ်ဆင့် အခွန်ငွေများကို မိနစ်ပိုင်းအတွင်း ဘေးကင်းလုံခြုံစွာဖြင့် နေရာကန့်သတ်ချက်မရှိ ပေးဆောင်နိုင်ပြီဖြစ်ပါသည်။**

e-Payment Service (အွန်လိုင်းမှတစ်ဆင့် အခွန်ပေးဆောင်ခြင်းဝန်ဆောင်မှု)

အခွန်ထမ်းပြည်သူများသည် ငွေသားအမြောက်အများကို ကိုင်တွယ်သယ်ဆောင်၍ ဘဏ်များတွင် တန်းစီစောင့်ဆိုင်းရသည့်အခက်အခဲနှင့် ဆုံးရှုံးအန္တရာယ်ရှိနိုင်ခြေများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ e-Payment Service က ဖြေရှင်းလျှော့ချပေးလျက်ရှိပါသည်။ အခွန်ထမ်းများသည် e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ပေးဆောင်ခြင်း၊ CBM NET အသုံးပြုသည့် IRD နှင့် API နည်းပညာဖြင့်ချိတ်ဆက်ထားသောဘဏ်များဖြစ်သည့် CB၊ AYA၊ KBZ၊ MAB၊ AGD၊ MWD၊ ..... တို့၏ i-Banking၊ Mobile Banking၊ Mobile Payment (AYA Pay၊ uabPay၊ One Pay၊ .....) တို့ကိုအသုံးပြု၍ ငွေလွှဲပြောင်းပေးသွင်းခြင်းနှင့် MMQR Code ကိုအသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းများကို ဖော်ပြပါနည်းလမ်းများမှတစ်ဆင့် အခွန်ငွေများကို မိနစ်ပိုင်းအတွင်း ဘေးကင်းလုံခြုံစွာဖြင့် နေရာကန့်သတ်ချက်မရှိပေးဆောင်နိုင်ပြီ ဖြစ်သည့် e-Filing Service (အွန်လိုင်းမှတစ်ဆင့် အခွန်ကြေညာလွှာ တင်သွင်းခြင်းဝန်ဆောင်မှု)

အခွန်ကြေညာလွှာပုံစံများကို ဖောင်ပုံစံစက္ကူဖြင့် ဖြည့်စွက်ရသည့် ရှုပ်ထွေးမှုများအစား အွန်လိုင်းစနစ်တွင် မိမိဝင်ငွေရရှိသည့်အချက်အလက်များအား မိမိ၏ လွတ်လပ်သောဆန္ဒအလျောက် မှန်ကန်စွာထည့်သွင်းတွက်ချက်ပြီး တင်ပြသော အခွန်ကြေညာလွှာအား သက်ဆိုင်ရာအခွန်ရုံးမှ စစ်ဆေးပေးသည့်အတွက် အခွန်ထမ်းများ၏ မှားယွင်းတွက်ချက်မိနိုင်ခြေကို လျှော့ချပေးပါသည်။ အခွန်ထမ်းများသည် မိမိတို့တင်သွင်းခဲ့ပူးသည့် အခွန်ကြေညာလွှာ (Tax Returns) များကို စနစ်အတွင်း ပြန်လည်ကြည့်ရှု၊ ဒေါင်းလုတ်ဆွဲနိုင်သဖြင့် လုပ်ငန်းခွင်စာရင်းစစ်ဆေးမှုများနှင့် ဘဏ္ဍာရေးအစီရင်ခံစာများပြင်ဆင်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

အီလက်ထရောနစ် အကူအညီပေးရေးဝန်ဆောင်မှု

အခွန်ထမ်းဝန်ဆောင်မှုပေးအပ်ခြင်း အမြင်အရ e-Help Desk Service သည် အခွန်ထမ်းနှင့် အခွန်ရုံးအကြား ပေါင်းကူးတံတားတစ်ခုဖြစ်ပြီး အခွန်ထမ်းများအတွက် e-Services (e-Registration, e-Filing, e-Payment)များကို အသုံးပြုရာတွင် နည်းပညာပိုင်းဆိုင်ရာအခက်အခဲ သို့မဟုတ် စနစ်ကြောင့်ဖြစ်ပေါ်သည့်အခက်အခဲများ ကြုံတွေ့ရပါက အခွန်ရုံးသို့ကိုယ်တိုင်လာရောက်ရန်မလိုဘဲ e-Help Desk သို့ ဆက်သွယ်၍ ချက်ချင်းလမ်းညွှန်ချက်ရယူနိုင်ပါသည်။

ထို့ပြင် အခွန်ဥပဒေများ၊ နောက်ဆုံးထုတ်ပြန်ထားသည့် သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိပါကလည်း တိကျမှန်ကန်သော ဖြေကြားချက်များကို ရရှိနိုင်သဖြင့် အခွန်ထမ်းများအနေဖြင့် မိမိတို့မသိနားမလည်မှုကြောင့် တပ်ရိုက်ခံရမည့်ဒဏ်ကြေး သို့မဟုတ် အရေးယူခံရမည့် ဆုံးရှုံးအန္တရာယ်ရှိနိုင်ခြေများ (Non-compliance Risks)မှ ကြိုတင်ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ခေတ်မီ e-Help Desk စနစ်များသည် အခွန်ထမ်းတစ်ဦးချင်းစီ၏ မေးမြန်းမှုသမိုင်းကြောင်းများကို စနစ်တကျ မှတ်တမ်းတင်ထားနိုင်သဖြင့် နောက်တစ်ကြိမ် ဆက်သွယ်လာပါက အခွန်ထမ်း၏ လိုအပ်ချက်ကို ပိုမိုတိကျစွာဖြင့် ထိထိရောက်ရောက် ကူညီပေးနိုင်သည့်အတွက် အခွန်ထမ်းများအား လေးစားတန်ဖိုးထားခြင်းခံရသည်ဟူသော ခံစားချက်ကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

အခွန်ပညာပေးနှင့် အထူးအသိပညာမျှဝေခြင်း အစီအစဉ်များ

ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ အခွန်ရုံးများနှင့် မြို့နယ်အခွန်ရုံးများသည် မိမိစည်းကြပ်မှုနယ်မြေအတွင်း အခွန်ကောက်ခံရေးအထောက်အကူပြုအဖွဲ့များ၏ပံ့ပိုးကူညီမှုဖြင့် **စာမျက်နှာ ၁၁ သို့** ✻

ကိုခိုင် (ပြည်တွင်းအခွန်)

ဆီဆိုင်မြို့နယ် ဘုရားကျိန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ဆီဆိုင် ဩဂုတ် ၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ် ပါလောပါ ကယ်ကျေးရွာအုပ်စု ဘုရားကျိန်း ကျေးရွာအတွက် ၁၁ကေဗွီဓာတ် အားလိုင်း သုည ဒသမ ၂၈ မိုင်၊ ၄၀ ဗို့ဓာတ်အားလိုင်း သုည ဒသမ ၄၇ မိုင်နှင့်၁၁/၀.၄ ကေဗွီ ထရန် စဖော်မာ ၁၀၀ ကေဗွီအေတစ်လုံး အတွက် တည်ဆောက်ကုန်ကျ စရိတ်ငွေကျပ် ၁၆၄ ဒသမ ၄၃၆ သန်းဖြစ်ပြီး ဘုရားကျိန်းကျေးရွာ နည်းတူ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ကျေးရွာလေးရွာနှင့် ရှမ်း ပြည်နယ်(အရှေ့ပိုင်း)တွင် ကျေးရွာ ငါးရွာ စုစုပေါင်းကျေးရွာ ကိုးရွာ တွင် လျှပ်စစ်မီးရရှိရေး ဆောင် ရွက်ပေးနိုင်ခဲ့ကြောင်း ဘုရားကျိန်း ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲတွင် ရှမ်း ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။



ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး လျှပ်စစ်မီး မိန်းခလုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာက လျှပ်စစ်မီးလင်း ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီး ချုပ်သည် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ကျောင်းလွယ်(တောင်) လုံခုတ် ကျေးရွာအုပ်စုတွင် ဒေသထွက် GreenGold ကော်ဖီစက်ရုံ၊ ဟိုပုံးမြို့ CoffeeNeo စက်ရုံတို့ကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

သာယာဝတီမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သာယာဝတီ ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွဲသတ်ကြီးကျေးရွာ ကျွဲသတ်ကြီးစာသင်ကျောင်းဝင်း၌ မြို့နယ်အဆင့်မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် စနာရီခွဲခန့က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ် ဆရာကြီးထံသို့ ပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် သာယာဝတီမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျန်ရွာ၊ ခရေ၊ ကုံကော်၊ မဟောဂနီ၊ ကုက္ကိုလ်၊ စိန့်ပန်း၊ ရေတမာနှင့် ပျဉ်းမ စသည့် စုစုပေါင်းပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

ခရိုင် (ပြန်/ဆက်)



တွံတေးမွေးမြူရေးဇုန်၌ ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်

တွံတေး ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး တွံတေး မြို့နယ် မွေးမြူရေးဇုန်တွင် စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီးက ကြီးမှူးဖွင့်လှစ် သည့် ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေး သင်တန်းကို ယမန်နေ့နံနက်ပိုင်း က အဆိုပါ မွေးမြူရေးဇုန် ကော်မတီစီမံခန့်ခွဲရေးရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးမွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အမှာစကားပြောကြားသည်။



ဆက်လက်၍ တွံတေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်း နိုင်ထွန်းက ပြင်ပမှရောဂါများ မိမိခြံတွင်း(သို့) မိမိခန္ဓာကိုယ် အတွင်းမဝင်ရောက်ရန်၊ ဆောင်ရွက် ခြင်း/မိမိခြံအတွင်း(သို့)မိမိခန္ဓာ ကိုယ်အတွင်းမှ ရောဂါများပြင်ပသို့ မကူးစက်အောင် ဆောင်ရွက် ခြင်း၊ မွေးမြူရေးခြံများ၏ဇီဝလုံခြုံ မှုအတွက် လိုက်နာဆောင်ရွက်ရန် အချက်များ၊ All in all out စနစ်ဖြင့်မွေးမြူရန်၊ မွေးမြူရေးခြံရှိ တိရစ္ဆာန်များ ရောင်းချပြီးပါက မွေးမြူရေးခြံအား သန့်ရှင်းရေး စနစ်တကျ သေချာစွာ ဆောင်ရွက် ရန်တို့ကို သင်တန်းသားများအား သင်ကြားပို့ချခဲ့ကြောင်း သိရ သည်။

မျိုးလှိုင်(တွံတေး)

လားရှိုးမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လားရှိုး ဩဂုတ် ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်သစ်တောဦးစီး ဌာနက ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁ ရက်က ထင်ရှူးတောင်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံခန့်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်ကျော်က သစ်ပင်များ ရှင်သန်အောင် စနစ်တကျစိုက်ပျိုးနည်းစနစ်များကို သရုပ်ပြရှင်းလင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထင်ရှူးပင် စုစုပေါင်း ၃၂၀ ကို စနစ်တကျစုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)



အိမ်ထောင်စုတစ်စု စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သား ရောင်းချပေး

ကျောက်ဆည် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက ကျောက်ဆည် ခရိုင်အတွင်းရှိ အိမ်ထောင်စုများအား အိမ်ထောင်စု တစ်စုအတွက် စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သား ရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ခရိုင်စား အုန်းဆီနှင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ် ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စားသုံးဆီ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် ရောင်းချနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ရှိသူများက စားအုန်းဆီရောင်းချနေသည့် ဆီဆိုင်များအား သတ်မှတ် ရည်ညွှန်းစျေးစာသားများပါရှိသည့် ဗီနိုင်းချိတ်၍ ဖြန့်ဖြူး ရောင်းချခြင်းအလေးချိန်မှန်ကန်မှုနှင့် ဆီစာအုပ်နှင့် စနစ် တကျရောင်းချခြင်း၊ ဌာနမှချမှတ်ထားသော မှန့်(၆)မှန့် နှင့် အညီ ရောင်းချခြင်းရှိ/မရှိတို့ကို စစ်ဆေးခဲ့ပြီး စားသုံး ဆီဝယ်ယူနေသည့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ မေးမြန်းခဲ့ကြောင်း သိရသည်။**သက်မောင်(ကျောက်ဆည်)**

*** စာမျက်နှာ ၁၀ မှ**

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသော ဟိုတယ်နှင့် တည်ခိုခန်းလုပ်ငန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ မိုဘိုင်းလက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်း ရောင်းချသည့်လုပ်ငန်းများ၊ ရုပ်သံလွှင့်မီဒီယာ လုပ်ငန်းများဆောင်ရွက်သည့် လုပ်ငန်းရှင်များအား မြို့နယ်အလိုက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ အထူးအခွန်ပညာပေးအစီအစဉ်များကို (Specific Knowledge Sharing Program) ကျင်းပ ပြုလုပ်လျက်ရှိပါသည်။

ဤသို့ အထူးပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဈေးကွက်အတွင်း တရားမဝင်ကုန်သွယ်မှုများကို လျှော့ချနိုင်ပြီး တရားဝင်စီးပွားရေးလုပ်ငန်းရှင်များအတွက် တရား မျှတသော ယှဉ်ပြိုင်မှုပတိဝန်းကျင်ကို ဖန်တီးပေး မည်ဖြစ်ပါသည်။

အခွန်မူဝါဒနှင့် အခွန်စီမံအုပ်ချုပ်မှုနယ်ပယ်တွင် သီးခြားဆောင်သည့်ဝန်ဆောင်မှုများ

အခွန်မူဝါဒနှင့် အခွန်စီမံအုပ်ချုပ်မှုနယ်ပယ် တွင် အခွန်ထမ်းများနှင့် အခွန်ရုံးများအကြား အငြင်းပွားဖွယ်ဖြစ်သည့် အခွန်တွက်ချက်မှုများ၊ အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များအပေါ် နားလည်မှု ကွာဟချက်များ လျော့ချနိုင်ရေးအတွက် ပြည်တွင်း အခွန်များဦးစီးဌာနက နည်းပညာလေ့လာသုံးသပ် ရေးကော်မတီဖွဲ့စည်း၍ အခွန်ပေးဆောင်ရာတွင် သေချာမှု၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုရှိအောင် အခွန်ထမ်းများနှင့် အခွန်ရုံးများ၏ တွေ့ရှိတင်ပြချက် များကို နိုင်ငံတကာအခွန်ဌာနများ၏ ကျင့်သုံးမှုများ နှင့်ချိန်ဆ၍ တည်ဆဲအခွန်ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ အခွန်ထမ်းပြည်သူများအား ကူညီ ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။

ကျသင့်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားမှု များအတွက် ပြန်အမ်းငွေတောင်းခံရာတွင် ကြန့်ကြာမှုမရှိစေရန်နှင့် လုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာမှုရှိစေရန် တိကျသော စံပြုလုပ်ထုံး လုပ်နည်းများကို ရေးဆွဲချမှတ်ထားပြီးဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ကွပ်ကဲမှု အောက်ရှိ အခွန်ရုံးများက ချမှတ်ခဲ့သောအဓိန့်များ အပေါ် မကျေနပ်ဘဲ သတ်မှတ်ကာလအတွင်း စီမံ အုပ်ချုပ်မှုနည်းလမ်းအရ အယူခံတင်သွင်းသူများ အပေါ်လည်း ဘက်လိုက်မှုမရှိဘဲ အခွန်ထမ်းပြည်သူ များ၏ရသုံးရထိုက်သောအခွင့်အရေးများရရှိအောင် ဥပဒေပိုင်းဆိုင်ရာ တရားမျှတမှုရှိအောင် ဝန်ဆောင် မှုများ ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။

အခွန်ပေးဆောင်ထိုက်သူအားလုံး အခွန် ကြေညာလွှာကို မှန်ကန်စွာဖြည့်သွင်းပြီး မိမိကျသင့် သည့် အခွန်တာဝန်ကို တာဝန်ကျေပွန်စွာ ပေးဆောင် ကြခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွင် တိုက်ရိုက်ပါဝင်ပံ့ပိုးကြပါရန်နှင့် မိမိတို့ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း ဒီဂျစ်တယ်နည်းပညာအခြေပြု အခွန်ဝန်ဆောင်မှု များကို ပိုမိုတိုးချဲ့ဆောင်ရွက်ခြင်း၊ အခွန်ထမ်း ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ဝန်ဆောင်မှုစနစ်များကို ဖော်ဆောင်ခြင်း၊ အခွန် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းတို့မှတစ်ဆင့် အခွန်ထမ်းများ၏ အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုများ ပိုမိုလွယ်ကူ ချောမွေ့စေရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါ သည်။ ။

ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ချင်းပြည်နယ် ဖလမ်းမြို့၌ မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသာယာလှပစေရန် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက အမှတ်(၂) အခြေခံပညာမူလတန်း ကျောင်း၊ တောင်ဇလပ်လမ်း၊ အေဒီ၂၀၀၀ ဂျူဇလီ လမ်းနှင့် ဗန်ကာအိုတောင်လမ်းဘေး ဝဲ/ယာတို့တွင် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦးက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့် အဖွဲ့များအား မုန့်နှင့်အချိုရည်များ ဝေငှတိုက်ကျွေးကြသည်။

ဖလမ်းမြို့အား တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ Online Virtual စနစ်ဖြင့် ကျင်းပခဲ့သော (၃၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ရှင်းလင်းပြောကြားစဉ်။

ကြေးမုံ

အလုံမြို့နယ်၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

အလုံ ဩဂုတ် ၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဌာနဆိုင်ရာများ ပူးပေါင်း၍ "ယနေ့ မြန်မာ့ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က အလုံမြို့နယ် လူထုအခြေပြုဇာတိဌာန၌ ကျင်းပသည်။



ဆွေးနွေးခဲ့

စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ခိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲကိုကို၊ အလုံမြို့နယ် ပညာရေးမှူး ဒေါ်ယဉ်ယဉ်စု၊ စာရေးဆရာ စောရန်နောင်၊ ဆရာသက်နောင် (ATBC International College)၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်တို့က မြန်မာ့ယဉ်ကျေးမှုများအကြောင်း၊ လူငယ်များနှင့် နည်းပညာ/ဆိုရှယ်မီဒီယာသက်ရောက်မှု၊ လူမှုရေးရာထုံးစံများ၊ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား၊ ယဉ်ကျေးမှုကို အခြေပြုသောစီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများ အကြောင်းနှင့် အနာဂတ်အတွက် မျှော်မှန်းချက်နှင့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကသာမြို့၌ လက်ဆွဲမျိုးစေ့ချကိရိယာအသုံးပြု စိုက်ပျိုးနည်းပညာပေးခြင်းနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

ကသာ ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးတစ်ကေပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းနှင့် ကွင်းသရုပ်ပြပွဲကို ကျန်တောကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေ ၄ ဧကတွင် လက်ဆွဲမျိုးစေ့ချ စိုက်ပျိုးနည်းစနစ်နှင့် လက်ဆွဲမျိုးစေ့ချကိရိယာ အသုံးပြု၍ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်တောကျေးရွာ တောင်သူဦးစာ၏ လယ်မြေ ၄ ဧကတွင် လက်ဆွဲမျိုးစေ့ချ ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်ပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စူမူက မျိုးစပါးဆားရေစိမ်၍ မျိုးစေ့အညှောက် ဖောက်ခြင်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

ကျော်စွာ(ကသာ)



ပြောကြား

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးအေဝင်းက မိုးစပါးတစ်ကေ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့် လက်ဆွဲမျိုးစေ့ချကိရိယာ အသုံးပြု၍ မြို့နယ် ကံဦးကျေးရွာ ကျေးရွာမြေဌားဂရန် ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်က ပြုလုပ်သည်။

ဦးစွာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ကျေးရွာမြေဌားဂရန်များကို ပေးအပ်ရာ ပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

အင်္ဂပူမြို့နယ်၌ ကျေးရွာမြေဌားဂရန်ပေးအပ်



အင်္ဂပူ ဩဂုတ် ၁

ရေဝတီတိုင်းဒေသကြီး အင်္ဂပူ

ပဲခူးမြို့၌ စက်မှုလုပ်ငန်းသုံးစားအုန်းဆီများ အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ပဲခူး ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများ ရယူအသုံးပြုနေသော လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးခရိုင်ဦးစီးမှူးနှင့် ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ပဲခူးမြို့နယ် တောင်သူစုကျေးရွာမှ မြင့်မြင့်ပဲကြော်မျိုးစုံလုပ်ငန်းနှင့် တောင်သူစုကျေးရွာတောင်ပိုင်းရှိ ဖူးပြည့်အာလူးကြော်၊ အကြော်မျိုးစုံနှင့် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများအား လုပ်ငန်းသုံးစားအုန်းဆီအသုံးပြုထုတ်လုပ်ထားသည့် အကြော်မျိုးစုံထုပ်ပိုးခြင်းနှင့် ရောင်းချဖြန့်ဖြူးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား ချေးငွေပေးအပ်

မိတ္ထီလာ ဩဂုတ် ၁

မိတ္ထီလာမြို့နယ် ဆူးဖြူကွက် ကျေးရွာ ဆူးဖြူကွက်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသားတောင်သူများအား မြို့နယ် သမဝါယမသင်းစုမှ ပုံပိုးငွေနှင့် အသင်းပိုင်ငွေထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါ ကျေးရွာ စာကြည့်တိုက်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အမှာစကား ပြောကြားသည်။



ထို့နောက် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဆိတ်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် အသင်းသားတောင်သူများအား ပုံပိုးငွေနှင့် ထုတ်ချေးငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အပူဒဏ်ကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ်လုပ်ဆောင်ချက်များပြုလုပ်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ သြဂုတ် ၁

ကမ္ဘာ့နေရာအများစုတွင် လာမည့်သုံးလအတွင်း ပုံမှန်ထက်ပိုမိုမြင့်မားသော အပူချိန်များ ဖြစ်ပေါ်နိုင်ကြောင်း ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည့်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြင်းထန်သော အပူဒဏ်ကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ်လုပ်ဆောင်ချက်များ ပြုလုပ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည့် သြဂုတ်လမှ အောက်တိုဘာလအထိ အပူချိန်ခန့်မှန်းချက်အပေါ် တုံ့ပြန်သည့်အနေဖြင့် ဂူတာရက်စ်က ယခုကဲ့သို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ ရာသီဥတုဆိုင်ရာ အကျပ်အတည်းသည် အလွန်အမင်းပြင်းထန်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အစိုးရများနှင့် အလုပ်ရှင်များအနေဖြင့် အလုပ်ချိန်များကို ပြုပြင်ပြောင်းလဲသတ်မှတ်ခြင်းနှင့် အလုပ်သမားများကို အပူဒဏ်မှကာကွယ်ရန် အခြားသောအစီအမံများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့သည်။ နေအိမ်များ၊ ကျောင်းများနှင့် ဆေးရုံများတွင် ပြင်းထန်သော အပူဒဏ်မှကာကွယ်နိုင်မည့် ဒီဇိုင်းပုံစံများကို ထည့်သွင်းစဉ်းစားတည်ဆောက်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ရေနံနှင့် အခြားသော ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုကို လျှော့ချရန်အတွက် အရေးပေါ်လုပ်ဆောင်ချက်များပြုလုပ်ကြရန်လည်း ဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့ပြည်သူများကို ကာကွယ်ရန်နှင့် အပူချိန်မြင့်တက်လာသည့် အကျပ်အတည်းကို ဖြေရှင်းရန် ပျက်ကွက်မည်ဆိုပါက လာမည့်အနာဂတ်တွင် ယခုထက် ပိုမိုအန္တရာယ်များသည့်အခြေအနေနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။



ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ရွှေ့ပြောင်းအခြေချသူများ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကို စပိန်နိုင်ငံ ရင်ဆိုင်နေရ

မက်ဒရစ် သြဂုတ် ၁

စပိန်နိုင်ငံက လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း မော်ရိုကို နိုင်ငံမှ ရွှေ့ပြောင်းအခြေချသူများ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကို ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

လူပေါင်း ၆၀၀၀ ခန့်သည် စပိန်ပိုင်နက်နယ်မြေဖြစ်သော ဆီအူတာမြို့သို့ ဝင်ရောက်ခဲ့ရာ လုံခြုံရေး မြို့တင်ရန်အတွက် တပ်မတော်သားများကို အဆိုပါ ဒေသသို့ စေလွှတ်ထားကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများနှင့် စပိန်တာဝန်ရှိသူများအကြား ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားခဲ့ရာ ၅၇ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၄၈၀၀၀ ကျော်မှာမူ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း စပိန်တာဝန်ရှိသူများက ပြောသည်။



ယင်းသို့လုပ်ဆောင်ခြင်းသည် စပိန်နိုင်ငံ၏ နယ်မြေပိုင်နက် ဆိုင်ရာ အချုပ်အခြာအာဏာကို ချိုးဖောက်ရာ ရောက်ကြောင်း ဝန်ကြီးချုပ် ပက်ဒရို ဆန်းချက်ဇ်က ယနေ့နေ့တွင် ပြောကြားခဲ့သည်။

ဆီအူတာမြို့သည် ဥရောပသို့ သွားရောက်လိုကြသည့် ရွှေ့ပြောင်းအခြေချသူများအတွက် ရေရှည်ဦးတည်ရာ နေရာတစ်ခုဖြစ်သည်။ မကြာသေးမီက ထွက်ပေါ်လာခဲ့သော တရားရုံးဆုံးဖြတ်ချက်တစ်ခုကြောင့် ယခုကဲ့သို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုများ ဖြစ်ပေါ်စေကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။ ပင်လယ်ပြင်တွင် ကြာဖြတ်တားဆီးခံရသည့် ရွှေ့ပြောင်းအခြေချသူများကို မော်ရိုကိုနိုင်ငံသို့ ချက်ချင်းပြန်ပို့၍မရကြောင်း စပိန်တရားရုံးချုပ်က ဇူလိုင်လတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ယခုကဲ့သို့ လူအများအပြား ဝင်ရောက်လာမှုကြောင့် အခြားနိုင်ငံများသို့ပါ ရွှေ့ပြောင်းအခြေချသူများ ဆက်လက်စီးဝင်လာနိုင်သည့် စိုးရိမ်ပူပန်မှုများ ဥရောပတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည်။ စပိန်နိုင်ငံသည် ဥရောပသမဂ္ဂ နိုင်ငံအများစုအကြား လွတ်လပ်စွာ သွားလာခွင့်ပြုထားသည့် ရှင်္ဂဇင်ဒေသ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

စပိန်နိုင်ငံနှင့် ချုပ်ဆိုထားသည့် ရှင်္ဂဇင် သဘောတူညီချက်ဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို ယာယီ ရပ်ဆိုင်းကြောင်း အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီက လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။ အိမ်နီးချင်း ပြင်သစ်နိုင်ငံကလည်း နယ်စပ်ထိန်းချုပ်မှုများကို ပိုမိုတင်းကျပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့က အပြီးတိုင်လက်နက်စွန့်လွှတ်ရန် သဘောတူညီ

ဝါရှင်တန် သြဂုတ် ၁

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့က အပြီးတိုင်လက်နက်စွန့်လွှတ်ရန် သဘောတူညီကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။ ဟားမတ်စ်အဖွဲ့က ဂါဇာဒေသ၏ အသွင်ကူးပြောင်းရေးကာလ အုပ်ချုပ်ရေးအတွက် ကြီးကြပ်ရန်ဖွဲ့စည်းထားသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော ငြိမ်းချမ်းရေးအဖွဲ့နှင့် လက်နက်စွန့်လွှတ်ရန် သဘောတူညီမှုရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသဘောတူညီမှုသည် သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ဖြစ်ကြောင်း သမ္မတ ထရမ့်က လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခဲ့သည်။ ဂါဇာဒေသတွင် လက်နက်များစွန့်လွှတ်ရန် ငြိမ်းချမ်းရေးအဖွဲ့၏ အစီအစဉ်ကို သဘောတူညီထားပြီးဖြစ်ကြောင်းနှင့် တရားဝင်ကြေညာချက်တစ်စောင်ကို မကြာမီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ သို့သော် အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်ဒေသမှ အပြီးတိုင် ဆုတ်ခွာပေးမှသာ လက်နက်စွန့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစ္စရေးအစိုးရက ယင်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားခြင်းမရှိသေးကြောင်း သိရသည်။ ဟားမတ်စ်အဖွဲ့က လက်နက်စွန့်လွှတ်ပြီး အစ္စရေးတပ်ဖွဲ့ကလည်း ဂါဇာကမ်းမြောင်ဒေသမှ ရုပ်သိမ်းထွက်ခွာသွားပါက ပါလက်စတိုင်းနယ်မြေအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ကြီးမားသော တိုးတက်မှုများရရှိလာမည်ဟု မျှော်လင့်ရသည်။

ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-စ-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တာဒေယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ထွဏ်းကော်	ဟားခါး
92 Ron	၃၆၆၀	၃၇၂၅	၃၇၃၅	၃၆၈၅	၃၈၂၀	၃၈၀၀	၃၈၂၅	၃၈၂၀	၄၀၀၀	၄၀၈၀	၃၇၆၀	၃၈၅၅	၃၈၂၀	၃၈၈၅	၃၈၀၀	၄၀၃၅
95 Ron	၃၆၈၅	၃၈၂၅	၃၇၈၀	၃၇၀၀	၃၈၃၀	၃၈၄၅	၃၈၀၀	၃၇၆၅	၄၀၈၅	၄၁၂၅	၃၈၆၀	၃၉၃၀	၃၈၆၀	၃၈၃၀	၃၈၄၅	၄၀၈၅
HSD (500 ppm)	၃၉၈၅	၄၁၀၅	၄၀၇၅	၄၀၀၀	၄၁၂၀	၄၁၀၅	၄၁၀၆	၄၀၆၆	-	၄၃၀၅	၄၀၈၀	၄၃၅၀	၄၁၀၆	၄၁၂၀	၄၁၂၀	၄၁၆၅
HSD (50 ppm)	၄၀၃၀	၄၀၆၅	၄၃၂၅	၄၀၆၅	၄၃၅၀	၄၃၃၀	၄၁၀၅	၄၃၃၀	၅၂၂၀	၄၂၂၅	၄၂၀၅	၄၂၀၅	၄၃၅၀	၄၃၅၀	၄၃၈၅	၄၂၂၅
HSD (10 ppm)	၄၀၃၀	၄၀၆၅	၄၃၂၅	၄၀၆၅	၄၃၅၀	၄၃၃၀	၄၁၀၅	၄၃၃၀	၅၂၂၀	၄၂၂၅	၄၂၀၅	၄၂၀၅	၄၃၅၀	၄၃၅၀	၄၃၈၅	၄၂၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၄၄၆	၃၅၂၃
95 Ron	၃၄၉၁	၃၅၂၉
HSD (500 ppm)	၃၇၃၃	၃၈၀၃
HSD (50 ppm)	၃၉၂၀	၃၉၇၀
HSD (10 ppm)	၃၉၂၀	၃၉၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဖြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇-၄၁၁၂၅၂၊ ၀၉-၆၈၀၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ကြံခင်းမြို့၌ လူမှုဖူလုံရေး အာမခံအလုပ်မားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

ကြံခင်း သြဂုတ် ၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် သုခမင်္ဂလာရွှေ့လျားဆေးကုသရေးယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် လူမှုဖူလုံရေးရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းမှစတင်ကာ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအား အခမဲ့ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တ ဥက္ကဋ္ဌဦးကျော်မင်းထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်စိုးနှင့် မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းတို့က လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဇူလိုင် ၃၁ ရက်တွင် မြို့နယ်လူမှုဖူလုံရေးရုံးတွင် လည်းကောင်း၊ သြဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ကလို့ကွင်းအုပ်စုရှိ အမှတ်(၃၂)အကြီးစားစက်ရုံ (ဘိလပ်မြေ)ရှိ ဝန်ထမ်းများအား အခမဲ့စစ်သပ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေ ခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်ထိရှိကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ



ပုဂံမြို့ မြစေတီ ရာဇကုမာရ်ကျောက်စာရုံအတွင်း ငွေကြေးလှူဒါန်းခြင်း မပြုရန် အသိပေးထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁

ပုဂံမြို့ မြင်းကပါကျေးရွာတွင်တည်ရှိသည့် မြစေတီဘုရားရှိ ရာဇကုမာရ်ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ဘုရားဖူးပြည်သူများအနေဖြင့် ငွေကြေးလှူဒါန်းမှုမပြုလုပ်ကြရန် အသိပေးထားပြီး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

မြန်မာလူမျိုးတို့၏ သဒ္ဓါတရားနှင့် ယုံကြည်ကိုးကွယ်မှုအရ ပြည်တွင်းဘုရားဖူးခရီးသွားအများစုသည် မြစေတီဘုရားသို့ ရောက်ရှိချိန်တွင် ရာဇကုမာရ်ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ငွေကြေးများပစ်သွင်းလှူဒါန်းလေ့ရှိကြသည်။ အဆိုပါကျောက်စာတိုင်းသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အထိမ်းအမှတ် ကျောက်စာဖြစ်သဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်း ထိခိုက်ပျက်စီးမှုမရှိစေရေး၊ သုတေသီများ၊ ပြည်တွင်း/ပြည်ပ ခရီးသွားများနှင့် ကျောက်စာလေ့လာလိုသူများအတွက် အနှောင့်အယှက်မဖြစ်စေရေး၊ မြင်ကွင်းထိခိုက်မှု မရှိစေရေးတို့အတွက် ကျောက်စာတိုင်းကို ကာရံထားသည့် သံတိုင်အတွင်းသို့ ငွေလှူဒါန်း၍မရနိုင်စေရန် သံဆန်ခါအစိတ်ဖြင့် ထပ်မံကာရံသွားမည်ဖြစ်သည်။

သံဆန်ခါအစိတ် ကာရံသည့်လုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ ပြုပြင်/ထိန်းသိမ်းရေးဌာနစု၏ အကြံပြုကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ကျောက်စာတိုင်းအတွင်း ငွေကြေးလှူဒါန်းခြင်းမပြုရန် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရေးနှင့် နောက်ထပ်ငွေကြေးလှူဒါန်းမှုများ မရှိစေရေး အတွက် ဂေါပကအဖွဲ့က ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဘုရားဖူးပြည်သူများအနေဖြင့် မြစေတီဘုရားတွင် အလှူငွေ လှူဒါန်းလိုပါက ဂေါပကအဖွဲ့က သတ်မှတ်ထားရှိသည့် အလှူခံပုံးများနှင့် သတ်မှတ်နေရာများ၌သာ စနစ်တကျလှူဒါန်းကြရန်လည်း အသိပေးထားသည်။ ပျဉ်း မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာသည် မြန်မာစာပေသမိုင်းတွင် အပြည့်စုံဆုံးနှင့် မြန်မာစာအရေးအသား အစောဆုံးကျောက်စာအဖြစ် ထင်ရှားပြီး ၂၀၁၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (Memory of the World Register)ဝင်အဖြစ် သတ်မှတ်ခံထားရသည့် ကျောက်စာတစ်ချပ်ဖြစ်ကြောင်း သိရသည်။

TWA

ထန်းတပင်မြို့နယ်၌ ပညာရေးမိသားစု ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁



ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် ပညာရေးမိသားစု ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဥက္ကဋ္ဌ ဒေါ်ချိုချိုမိုးက အမှာစကား ပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်က အသင်းသားများ၏ စုဆောင်းငွေများ တိုးမြှင့်စုဆောင်းနိုင်ရေး၊ အသင်းသားများသို့ ထုတ်ချေးငွေများ မြှင့်တင်နိုင်ရေး၊ နှင့် အသင်းရေရှည်တည်တံ့နိုင်ရေး ကို ရှေးရှုဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ ၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြသည်။ ထို့နောက် အသင်းသား ၅၆၅ ဦးတို့၏ စုဆောင်းငွေပေါ် အတိုးရငွေ ၉၉၂၆၀၃၁ ကျပ်နှင့် အစုပေါ် အမြတ်ငွေ ၁၄၅၉၄၆၉ ကျပ်တို့ကို မြို့နယ်ပညာရေးမှူးက အသင်းသားများထံ ပြန်လည်ထုတ်ပေးပြီး အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

မြောက်ဥက္ကလာပမြို့နယ်၌ နွယ်နီထွန်းရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နွယ်နီထွန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က နွယ်နီ ၁၆ လမ်းရှိ နွယ်နီဦးစွမ်းရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဒေါ်သီတာမွန်က သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ် တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင်အဖွဲ့ဝင် ဦးသန်းလှက ဖတ်ကြားပြီး အသင်းသားများ၏ အတည်ပြုချက်ရယူသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၇၂ ဦး တက်ရောက်ပြီး အသင်းသားများအား အစုပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ပုသိမ်မြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ ကျင်းပ



ပုသိမ် ဩဂုတ် ၁

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြေတွင်း ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ကျေးရွာကျန်းခြား ဘုန်းတော်ကြီးကျောင်း မမ္မာရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဦးစွာ ပုသိမ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် တာဝန်ရှိသူများက ရွှေမြေတင် ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအတွက် မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်

ကျုံပျော် ဩဂုတ် ၁

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ကျုံတနီးကျေးရွာ အုပ်စု ရတနာမုန်ကျောင်းတိုက်၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျုံတနီး ကျေးရွာ ရွာမြေ ၉ ဒသမ ၄၁ ဧကပေါ်ရှိ အိမ်ခြေအလုံး ၅၀ အတွက် ကျေးရွာမြေငှားဂရန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ခွင့်ပြန်မြန်မာလုပ်သားများအတွက် ဩဂုတ် ၁ ရက်မှစတင်၍ ထောက်ခံစာနှင့် ဖောင်ကြေးကိုရီးယားဝမ် ၁၀၀၀၀ သို့ လျှော့ချကောက်ခံမည်

ရန်ကုန် ဩဂုတ် ၁

ခွင့်ပြန် မြန်မာလုပ်သားများအတွက် ဩဂုတ် ၁ ရက်မှစတင်၍ ထောက်ခံစာနှင့် ဖောင်ကြေးကိုရီးယားဝမ် ၁၀၀၀၀ ဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အသိပေးထုတ်ပြန်ထားသည်။

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ ခွင့်ဖြင့်မြန်မာနိုင်ငံသို့ ပြန်လာရာတွင် သက်ဆိုင်ရာသံရုံး၏ထောက်ခံချက် ယူဆောင်ရန် အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက ကြေညာခဲ့ခြင်းအပေါ် မြန်မာသံရုံး ဆိုးလ်မြို့မှ PJ အမျိုးအစား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများ ခွင့်ပြန်ရာတွင် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်ခွဲဖြင့် ကြေညာခဲ့ပြီး ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ခွင့်ပြန်သည့် မြန်မာနိုင်ငံသားများအတွက်ထောက်ခံစာများကို မူလကတစ်စောင်လျှင် ကိုရီးယားဝမ် ၄၀၀၀၀ နှင့် ဖောင်ကြေး ကိုရီးယားဝမ် ၁၀၀၀၀ ကောက်ခံလျက်ရှိရာ ဩဂုတ် ၁ ရက်မှစတင်၍ ထောက်ခံစာတစ်စောင်လျှင် ကိုရီးယားဝမ် ၉၀၀၀၀ နှင့် ဖောင်ကြေး ကိုရီးယားဝမ် ၁၀၀၀၀ စုစုပေါင်းကိုရီးယားဝမ် ၁၀၀၀၀ ဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

MT



ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် မြန်မာလုပ်သားများအား တွေ့ရစဉ်။



လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ပြင်ဦးလွင် ဩဂုတ် ၁

ပြင်ဦးလွင်မြို့နယ်၌ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြုလုပ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးစိုင်းအောင်ကြည်က အမှာစကားပြောကြားပြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာအမျိုးမျိုး၊ ဆပ်ပြာခရင်မ်၊ ပန်းကန်ဆေးဆပ်ပြာပြုလုပ်နည်းနှင့် ရေချိုးဆပ်ပြာပြုလုပ်နည်းခြောက်မျိုး စသည့်ဘာသာရပ်များကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဥတ္တရသီရိမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းသည် ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာ V-4 လမ်းဘေး တောင်ညို သစ်တောကြိုးပိုင်း အမှတ်(၃)တွင် ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားကာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ဥတ္တရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ရောတမာ၊ ပျဉ်းမ၊ ယမနေ၊ စိန်ပန်း၊ ဆီသပြေ၊ ကုက္ကို၊ မဟော်ဂနီ၊ ပိတောက်နှင့် ခရေစသည့် အပင် ၉၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မျိုးသူရကျော်(ဥတ္တရ)



ဂန့်ဂေါမြို့၌ နိုင်ငံသားစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

ဂန့်ဂေါ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစစ်ရေးကတ်များနှင့် UID ကတ်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျောတိုက်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၆၆ ဦးတို့အား နိုင်ငံသားစစ်စစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ကြသည်။

အလားတူ ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစစ်စစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူ ၂၉၇ ဦးအား နိုင်ငံသားစစ်စစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

ကြေးမုံ ပြည်သူ့ထံမှ ပေးစာများ

လျှပ်စစ်မီးလာချိန် ဗို့အားတည်ငြိမ်စွာရရှိရေး ပျော်ဘွယ်လေးကျေးရွာနေပြည်သူများ လိုလားနေ

စာတည်းမှူးခင်ဗျား

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာတွင် အိမ်ခြေ ၉၁၆ အိမ်၊ အိမ်ထောင်စု ၁၁၀၅ စု၊ လူဦးရေ ၃၅၁၅ ဦးတို့ နေထိုင်လျက်ရှိပါသည်။

အဆိုပါကျေးရွာသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသားများ၏ ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် 315 KVA ထရန်စဖောမာတစ်လုံး စတင်တပ်ဆင် အသုံးပြုခဲ့ပါသည်။

စတင်သုံးစွဲချိန်က ပျော်ဘွယ်လေးကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု ၂၀၀ ကျော်သာရှိခဲ့သော်လည်း ယခုအခါ နေထိုင်သူ အိမ်ထောင်စုနှင့် လျှပ်စစ်မီးသုံးစွဲသည့်အိမ်ခြေများ တိုးပွားလာသည့်အတွက် မူလတပ်ဆင်ထားသည့် 315 KVA ထရန်စဖောမာ၏ ဝန်အားမှာ လုံလောက်မှုမရှိဘဲ နေ့စဉ်နှင့်အမျှ အိမ်တိုင်း လျှပ်စစ်မီးလာချိန်တွင် မို့အားများ အလွန်အမင်းကျဆင်းနေပါသဖြင့် ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၊ ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအတွက် များစွာအခက်အခဲများဖြစ်ပေါ်နေပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဒေသခံရွာသူရွာသားများက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အဖွဲ့သို့ တင်ပြတောင်းဆိုထားမှုများ ပြုလုပ်ပြီးဖြစ်ပါသည်။ သို့ရာတွင် ယနေ့အချိန်ထိ အခြေအနေတစ်စုံတစ်ရာထူးခြားမှုမရှိသေးဘဲ မီးအားများ နေ့စဉ်နှင့်အမျှ ကျဆင်းနေဆဲဖြစ်ပါသည်။

သို့ပါ၍ ပျော်ဘွယ်လေးကျေးရွာရှိဒေသခံပြည်သူများက လျှပ်စစ်မီးလာချိန်တွင် မီးအားကျဆင်းခြင်းမရှိ၊ ဗို့အားတည်ငြိမ်စွာရရှိရေးအတွက် သက်ဆိုင်ရာမှ အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးကို လိုလားလျက်ရှိပါကြောင်း စာတည်းမှူးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

ကျေးရွာနေပြည်သူများ

ဘူတာရွှေ့နှင့် ပဲခူးလမ်းတစ်လျှောက်အမှိုက်ပုံမှုများကို ထိရောက်စွာ အရေးယူပေးစေလို

စာတည်းမှူးခင်ဗျား

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ရှိ နိုင်ငံတော်အစိုးရက ဂျပန်နည်းပညာဖြင့် တည်ဆောက်ပေးထားသော ဖြူးဘူတာ၏ရှေ့တွင် အမှိုက်များပုံထားခြင်း၊ ပဲခူးလမ်းဘေး ယခင်ပန်းခြံအဟောင်းရှေ့၌ အမှိုက်များ အရုပ်ဆိုး အကျည်းတန်လျက် အနံ့အသက်ဆိုးများဖြင့် ယခု မိုးရာသီချိန်တွင် ကူးစက်ရောဂါအန္တရာယ်များရှိခြင်းကြောင့် မနက်အစောတွင် ဖြူးဘူတာရှေ့သို့ လာရောက်အမှိုက်ပုံသူများအား တားဆီးပေးပါရန်နှင့် စည်ပင်အမှိုက်သိမ်းဝန်ထမ်းများအား ကိုယ်ချင်းစာရာလည်းရောက်ပါသောကြောင့် သက်ဆိုင်ရာမှ ကူညီဖြေရှင်းပေးစေလိုပါသည်။

ဖြူးမြို့နယ်ပြည်သူများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ပြည်သူများအား မြို့နယ်သမဝါယမအသင်းစုများက ကြက်ဥများ ဈေးနှုန်းချိသာစွာဖြင့် ဩဂုတ် ၁ ရက်တွင် လှည်တန်းလမ်းမရှိ မြို့နယ်သမဝါယမအသင်းစု၌ ရောင်းချပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မိုင်းဖြတ်မြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေမအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်



ပခုက္ကူ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းလှိုင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်၏ အရေးပါပုံများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၇၉ ဦး၏ နိုင်ငံသား စိစစ်ရေးကတ် နှင့် UID ကတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ဒလမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

သီပေါမြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

သီပေါ ဩဂုတ် ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ အောင်သီရိ ရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၀ ရက်က ကျင်းပသည်။

ဦးစွာ အောင်သီရိ ရောင်းဝယ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးမောင်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက မြို့နယ်အတွင်းရှိသမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများနှင့် အသင်း၌ပဒေသကို ပြင်ဆင်သည့် ဥပဒေအရ အသင်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



၁၃၂ ကေဗို့ ကလော-ရေပေါင်းဆုံ-သာစည် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ ဓာတ်အားပို့မိုဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် အမှတ်(၁+၂) ဓာတ်အားလိုင်းတစ်လျှောက် လိုင်းအသေးစိတ်စစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ တာဝါတိုင်အမှတ်(၃၊ ၁၇၊ ၅၁၊ ၅၃၊ ၇၃) တာဝါတိုင် ငါးတိုင်တွင် Jumper ကြိုးများ ကြိုးလွန်းဖွာနေခြင်း၊ ကြွေသီးတွဲများ ကွဲနေခြင်းနှင့် Arching Horn များ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုကိုမြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက် နံနက် ၈ နာရီမှမွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရေပေါင်းဆုံနှင့် ယင်းမာပင် မြို့နယ်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

နေရောင်အောက် သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အလုံမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အာဟာရကျွေးမွေး



ရန်ကုန် ဩဂုတ် ၁

အလုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)နှင့် အမှတ်(၇)တို့၌ ဇူလိုင် ၃၁ ရက်က မြို့နယ်ကျန်းမာရေးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်းပြီးကလေးငယ်များအားအာဟာရကျွေးမွေးခြင်းကို သရုပ်ပြဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်ခိုင်ဦးဆောင်သောအဖွဲ့သည် KG ကျောင်းသားကျောင်းသူများအား အာဟာရအုပ်စု (၅)စု အကြောင်း အသိပညာပေးခြင်း၊ အစာမစားမီ လက်ဆေးရန်နှင့် အစားစားပြီးနောက် သွားတိုက်ရန်တို့ကိုအသိပညာပေး ဟောပြောပြီး အဏုအာဟာရမှုန့်နှင့် ထမင်းရောင်၍ ကျွေးမွေးခြင်းကို လက်တွေ့ပြသခဲ့ရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေးတို့အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများကို ခေတ်ကာလအားလျော်စွာ ဆန်းသစ်သော ဖန်တီးမှုအတွေးအခေါ်များ၊ နည်းပညာသစ်များဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများနှင့် Animation ဗီဒီယိုများအဖြစ် ပြုပြင်ဆောင်ရွက်လိုပါ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းနှင့် Animation ဗီဒီယိုဖန်တီးခြင်းတို့ကို ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲကို မူလဆောင်ရွက်ထားသော လက်ကမ်းစာစောင်များကို အခြေခံ၍ **ငလျင်ဘေး၊ လေပြင်းဘေးနှင့် ရေဘေးတို့အတွက်လည်းကောင်း**၊ အလားတူ Animation ဗီဒီယိုပြိုင်ပွဲကို **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ်** တို့အတွက်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် စီစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားဌာန ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ Website စာမျက်နှာ https://www.moswrr.gov.mm/ တွင် လည်းကောင်း၊ အောက်ဖော်ပြပါ QR Code တွင်လည်းကောင်း ကြည့်ရှုယှဉ်ပြိုင်လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy တို့ကို လျှောက်လွှာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ဖြစ်စေ၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail. com သို့ဖြစ်စေ ၁၅-၉-၂၀၂၆ နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၆။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအား တို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းအား ရယူပါဝင်ယှဉ်ပြိုင်ပေးနိုင်ပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန



၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **ငလျင်ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ** ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် လက်ကမ်းစာစောင်ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ငလျင်ဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဘေးအန္တရာယ် (၃)မျိုးလုံးကိုဖြစ်စေ၊ နှစ်သက်ရာဘေးအန္တရာယ် (၁) မျိုးစီကိုဖြစ်စေ ရွေးချယ်ယှဉ်ပြိုင်နိုင်သည်။

(ခ) သရုပ်ဖော်ပြသချက်ပုံများသည် မြန်မာ့ယဉ်ကျေးမှုလေ့စရိုက်လူနေမှုဘဝတို့ ပေါ်လွင်စေရမည်။

(ဂ) ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်ပြုလုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(ဃ) https://www.moswrr.gov.mm/awareness/pamphlets website ရှိ အသိပညာပေးလက်ကမ်းစာစောင်များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(င) Resolution (300 dpi)နှင့် JPG (သို့) PNG Format၊ အရောင်သတ်မှတ်ချက် (CMYK) ဖြင့် ရေးဆွဲရမည်။

(စ) အကြောင်းအရာဖော်ပြချက်နှင့်ကိုက်ညီသော ဒီဇိုင်းပုံများဖန်တီးပေးရမည့်အပြင် စာသားနှင့်ပုံများကို (၄) ခေါက်ချိုး လက်ကမ်းစာစောင် (Legal Size – 8.5"x 14") ပြုလုပ်ယှဉ်ပြိုင်ရမည်။

(ဆ) မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီးအကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဇ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော(သို့မဟုတ်) ဖော်ပြထားပြီးဖြစ်သော ဒီဇိုင်းပုံများ မဖြစ်ရ။ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။

(စျ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ည) သတ်မှတ်ရက်ကျော်လွန်သော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရွေးချယ်ခြင်းမခံရသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်များကို ပညာရှင်များပါဝင်သော စီစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စီစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ ဒီဇိုင်းပုံများနှင့် ရေးဆွဲထားသော Design ပုံများပါဝင်သည့် လက်ကမ်းစာစောင် Hard Copy နှင့် Soft Copy ကို လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်း၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏၀ါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဒီဇိုင်းပုံနှင့် လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေး (၄)မိနစ်စာ ကာတွန်း Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေးကာတွန်း Animation ဗီဒီယိုပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် ကာတွန်း Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲခေါင်းစဉ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်ကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness/movie-clips?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File format သည် mp4/ wmv/ avi၊ အနည်းဆုံး FullHD 1920x1080 pixels၊ RGB အရောင်သတ်မှတ်ချက်နှင့် File size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation ဗီဒီယိုများအတွက် မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(စျ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation များ မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation များကို သင့်လျော်သည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation များ ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation များကို ပညာရှင်များပါဝင်သော စီစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စီစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Soft Copy ကို အီးမေးလ် (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏၀ါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် Animation ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

ကျွန်းစုမြို့နယ်၌ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ကျွန်းစု ဩဂုတ် ၁

မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ ဖြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ "ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်နိုင်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မေဖြိုးကျော်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသန်းနိုင်စိုးတို့က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



ထက်မြင့်(ကျွန်းစု)

✯ ကျောဖုံးမှ

"မိလျံနာ" ရွှေဆိုင်အား အမျိုးသား ခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ မှန်ကောင်တာများအား ပုဆိန်ဖြင့်ရိုက်ခွဲ၍ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ရွှေချိန် ၈၅ ကျပ်သား ၄ ပဲခန့်(တန်ဖိုးငွေကျပ် ၅၉၂၉ သိန်း)ခန့်အား ဓားပြတိုက်လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

မိလျံနာရွှေဆိုင်အား လုယက်မှုကျူးလွန်ရာတွင် သိန်းမြင့်(ခ) ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်က ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး လုယက်မှုကျူးလွန်ရန် ရွှေဆိုင်များကို လှည့်လည်လည်ကြည့်ရှုခြင်းနှင့် လုယက်စဉ် ဆိုင်ရှေ့လမ်းပေါ်မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း၊ ရွှေဆိုင်အတွင်းသို့ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်က သေနတ်ပစ်ဖောက်ဝင်ရောက်၍ ကျော်စိုးဝင်းက ဆိုင်အပြင်မှ လေးခွဖြင့် ပစ်ခတ်ရန် အသင့်စောင့်နေခဲ့ပြီး ကောင်းခန့်ကျော်(ခ)ဘိကောင်းက ပုဆိန်ဖြင့် မှန်ကောင်တာများအား ထုခွဲကာ ထက်ဝေကျော် (ခ)ကိုထက်နှင့် ရှိုင်းကို(ခ)ရှိုင်းတို့နှစ်ဦးက ရွှေထည်ပစ္စည်းများကို သယ်ယူခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၏ နေအိမ်တွင် အရည်ကျိုပုံဖျက်၍ ငင်း၏နေ့ဖြစ်သူ အိအိချောနှင့် ချွေးမဖြစ်သူ နှင်းသန္တာအောင်(ခ) နှင်းနှင်းတို့က ငင်းရွှေတုံးများကို ရန်ကုန်မြို့ရှိ မောင်မောင်မင်းဇော်(ခ) ကိုမင်း(ခ)ကျားကြီး၏ ချိတ်ဆက်ပေးမှုဖြင့် ရွှေရောင်း/ဝယ်လုပ်ကိုင်သူ နေလင်းထံတွင် ရောင်းချခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ) မျိုးခိုင်(ခ)ကိုနိုင်၊ ကောင်းခန့်ကျော်(ခ)ဘိကောင်း၊ အောင်ကျော်ဇော(ခ) အောင်ကျော်(ခ)အကြီးကောင်တို့ သုံးဦးသည် ထွန်းလင်းအောင်(ခ) နိုင်ကိုကိုနှင့် ဝေဖုန်းသူ(ခ)ဝေကြီးတို့ နှစ်ဦးနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ "ပေါ်ဦး"ရွှေဆိုင်အား သေနတ်ဖြင့် ပစ်ခတ်မြိခိုးခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှရရှိသည့် ရွှေထည်ပစ္စည်းများကို သန်းစိုးက ထုခွဲရောင်းချပေးခဲ့ကြောင်း သိရှိရပြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ သန်းစိုး(၅၅) နှစ်၊ ထွန်းလင်းအောင်(ခ)နိုင်ကိုကို(၂၈)နှစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အောင်ကျော်ဇော (ခ)အောင်ကျော် (ခ)အကြီးကောင်သည် ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ "မိုးမန္တလေး" ရွှေဆိုင်အား လုယက်မှုမှ ဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် ငြိမ်းလင်းကိုကို(ခ)ငလက်မ၊ ရဲနိုင်စိုးနှင့် နိုင်လင်းခန့်(ခ)မိုးဒီ၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် အောင်ကျော်ဦး(ခ)ဆံရှည်၊ ဝေဖုန်းသူ (ခ)ဝေကြီး တို့နှင့်အတူ လုယက်မှုကျူးလွန်ခဲ့ကြောင်းလည်း ထပ်မံဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ချမ်းမြသာစည်မြို့နယ်ရှိ "မိလျံနာ"ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်တို့ ခြောက်ဦးနှင့် ပူးပေါင်းပါဝင်သူ ငါးဦး စုစုပေါင်းတရားခံ ၁၁ ဦးတို့အား ရွှေထည်ပစ္စည်းစုစုပေါင်း အလေးချိန် ၄၂ ကျပ်သား ၁၄ ပဲ ၃ ရွေး၊ ငွေကျပ်သိန်း ၅၄၀၊ SHG SAUER P 320 အမျိုးအစား ပစ္စတို သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်၊ ဆိုင်ကယ်လေးစီး၊ လေးခွတစ်လက်၊ မူလီ(ကုန်းသီး) ၃၁ လုံးတို့ နှင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်အား လုယက်ရာတွင် သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ အောင်ကျော်ဇော(ခ)အောင်ကျော် (ခ)အကြီးကောင်၊ ကောင်းခန့်ကျော်(ခ)ဘိကောင်းတို့ သုံးဦးနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့သူများဖြစ်ကြသည့် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် သန်းစိုးတို့ နှစ်ဦးအားလည်း ကောင်း ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့ရာ လုယက်မှုနှစ်မှုမှ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်းတရားခံ ၁၃ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် လုယက်မှုများမှ ဖမ်းဆီးရန်ကျန်တရားခံများနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သရက်ပင်ချောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်မှူးဦးအေးကျော်ဦးဆောင်၍ ဝန်ထမ်းများက ဩဂုတ် ၁ ရက်တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်စဉ်။ (ဖြိုးစန္ဒာ(ဆိပ်ကမ်း)



မိတ္ထီလာဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ သာစည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသခြင်းများ ကွင်းဆင်းဆောင်ရွက်

သာစည် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မိတ္ထီလာမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ ဦးဆောင်သည့် ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့က ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် သာစည်မြို့ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်သည်။

ကွင်းဆင်းဆေးကုသရာသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ လူနာများလာရောက်ပြသကြရာ အထူးကုဆရာဝန်ကြီးများနှင့်အတူ သာစည်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျာမျိုးနှင့် ဝန်ထမ်းများက စုစုပေါင်းလူနာ ၆၉၈ ဦးတို့အား ကြည့်ရှုကုသပေးသည်။

အဆိုပါလူနာ ၆၉၈ ဦးမှ အထွေထွေရောဂါလူနာ ၁၂ ဦး၊ ကလေး လူနာ တစ်ဦး၊ ခွဲစိတ်လူနာ ငါးဦး၊ အရိုးလူနာ ငါးဦးနှင့် သားဖွားမီးယပ် လူနာ တစ်ဦး စုစုပေါင်းလူနာ ၂၄ ဦးတို့အား လိုအပ်ချက်အရ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုဆက်လက်ခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထွန်းထွန်း(သာစည်)

အုတ်တွင်းမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

အုတ်တွင်း ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (အုတ်တွင်း) ပညာရတနာခန်းမ၌ ကျင်းပသည်။



ပေးအပ်ချီးမြှင့်

ဦးစွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူမာတို့က အမှာစကားပြောကြားပြီး ယခင်နှစ်ထက် ယခုနှစ်အောင်ချက်တက်သော ကျောင်းများနှင့် အောင်ချက်အကောင်းဆုံး ဆု၊ အောင်ချက်အကောင်းဆုံး အထူးဆုနှင့် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အုတ်တွင်းမြို့နယ် အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်း ကျောင်းများမှ တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ကိုးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦး ရရှိခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ရွှေဘိုမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

စစ်ကိုင်း ဩဂုတ် ၁

ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာအုပ်စု မြောင်းကြီးကျေးရွာ၌ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အောင်ရတနာမြစကြာကျောင်းတိုက်၌ ကျင်းပရာ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ကျေးရွာနေပြည်သူ ၈၂ ဦးအား ကျေးရွာ



မြေငှားဂရန်ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✪ MNL ယူ–၂၀ မှ

ရတနာပုံအသင်းက Falcon အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၁ ရက်က သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ၄၉ မိနစ်တွင် သက်ထူးစံ သွင်းယူသည့် ပင်နယ်တီဂိုးဖြင့် အနိုင်ရရှိကာ ဇယားထိပ်ဆုံး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Galaxy အသင်းက မြဝတီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Galaxy အသင်းအတွက် အနိုင်ဂိုးများကို ၄၄ မိနစ်တွင် အောင်မြတ်သာ၊ ၆၂ မိနစ်တွင် သန့်ဇင်အောင်တို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၄ မိနစ်တွင် ဖိုးချစ်လုံးက သွင်းယူသည်။

ပွဲစဉ် ၁၁ တတိယနေ့ကို ဩဂုတ် ၂ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး Chinland အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ညီမြတ်သော်တာ

ဓာတ်ပုံ – MNL

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၅၊ မြေကွက်အမှတ်– ၃၇၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးကြည်ဝင်း အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်သူဖြစ်သော ဦးကြည်ဝင်း [၁၂/လမတ(နိုင်) ၀၂၄၆၂၅] (AF–၀၂၆၄၈၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၀၃)
ရုံးခန်းအမှတ်–၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်–၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၉၂၁၀

“ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆၁)၊ ရန်ကုန်–အင်းစိန်လမ်း၊ အမှတ်(၇၀)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၄–လွှာ/ယာဘက်) အကျယ်အဝန်း(၂၃ x ၆၀) ပေရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်”

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဒေါ်ဆွေဇင်ထွန်း[၁၂/လမန(နိုင်)၁၃၈၀၆၅]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းအေး [၁/မကန(နိုင်)၀၉၁၆၀၆]မှ (၃၁–၇–၂၀၂၆) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သင်းသင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ခင်ဝါဝါလွင်
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၂၄၂၄၈၂၂

“မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သထုံမြို့မြေ၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ဘူတာလမ်းသစ်အကွက်၊ ၁၉၉၀/၉၁ ခုနှစ် ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ (၀.၀၅၆)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်သွပ်မိုး (၂)ခန်းတွဲ အဆောက်အဦနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း”

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး(၃)လမ်း၊ အမှတ်(၆၅)နေ ဦးမောင်မောင်ဝင်း [၅/တမန(နိုင်) ၀၃၇၃၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ဝင်းသည် အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦတို့ကို အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။

အထက်ဖော်ပြပါ ဦးမောင်မောင်ဝင်း အမည်ပေါက် မြေကွက်၏ မြေငှားဂရန်မူရင်းမှာ နေအိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ဝင်းမှ သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနတွင် မြေငှားဂရန်မိတ္တူလျှောက်ထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှ အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော အထက်ဖော်ပြပါ မြေကွက်၊ မြေကွက်ပေါ်ရှိ အဆောက်အဦတို့နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံထားခြင်း၊ အစရှိသည့်လွှဲပြောင်းမှုတစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေမှ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးမောင်မောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၆၅၁)
အမှတ်(၁၁၇)၊ ၄–လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း– ၀၉–၄၂၀၀၃၁၃၅၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၃)ရပ်ကွက်၊ ခိုင်မာလာလမ်း၊ ရန်ကင်းမြို့နယ်၊ အမှတ်– ၄၇/A ဟုခေါ်တွင်သည့် မြေကွက်တည်ရှိရာ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၁/ကံဘဲ့၊ မြေကွက်အမှတ်– ၁/ရ–၁၊ မြေအမျိုးအစား မြေပိုင်မြေ ၃(ခ)၊ ဧရိယာ (၀.၀၉၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဝစ်မာလ်ကူးမား(ခ)ဟယ်ရီ [၁၂/ကတတ(ဧည့်) ၀၀၁၀၉၅]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်– ၈၂၀၆/၂၀၂၆ (၂၄–၇–၂၀၂၆)ဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးကျော်မြင့် [၁၂/ရကန(နိုင်) ၀၆၆၈၆၅]က အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၁၃၂)
အမှတ်– ၂၆၈ (မြေညီထပ်)၊ ဘုရားလေး (၁) လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း– ၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅

အမည်ပြောင်း

ဦးသန့်ဇင်ဦး၊ ဒေါ်ယုယုကြည်တို့၏ သားနှင့်သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အ.ထ.ကခွဲ စက်မှုဇုန် ၊ Grade–10 မှ မောင်အောင်အောင်ဦးအား မောင်အောင်ဘုန်းခန့်၊ Grade–4 မှ မဇွန်သန္တာအား မစုသက်မှူးခင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ဘုန်းခန့်
မစုသက်မှူးခင်

အမည်ပြောင်း

ဦးညီမင်းပိုင်၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ LCEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–5 မှ မကြယ်စင်ဟေသီအား မကြယ်လင်းဟေသီဟု ပြောင်းလဲခေါ်ပါရန်။

မကြယ်လင်းဟေသီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ စက်မှုဇုန် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade–3 မှ မအေးချမ်းမျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်[၅/ ဆလက (နိုင်) ၀၅၀၁၈၄] ဖြစ်ပါကြောင်း။

ဦးမျိုးနိုင်

အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရန်နိုင်ရပ်)၊ မြေဧရိယာ (၀.၂၆၅)ဧကရှိ ဦးပိုင်အမှတ်(၄၂ ဃ)၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်းမှာ ခြစား၍ ပျက်စီးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက်ဖြစ်သည့် လယ်ဝေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လျှောက်ထားလာမှုအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါသဖြင့် မူလကထုတ်ပေးထားသော ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(၁၅၅/၁၉၉၇–၁၉၉၈)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်စာအုပ် မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၅)လမ်း၊ အမှတ် (၂၁၅–ခ)၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော ဒေါ်မြရီ [၁၂/ဥကတ(နိုင်) ၀၁၅၀၅၂]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဉာဏမျိုး (LL.B, D.I.L)
အထက်တန်းရှေ့နေ (စဉ်– ၄၃၄၇၃)
အမှတ် (၉၄၀)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၈၄၅၁၀၄၄၂

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်အိခိုင်စိုး [၁၂/တကန(နိုင်) ၁၆၂၆၆၆] (ဘ) ဦးတင်ငွေ၏ သမီးဖြစ်သူမှ အောက်ပါအတိုင်း အသိပေးကြေညာပါသည်–

ကျွန်မ၏ခင်ပွန်း ဦးမောင်မောင်စိန် [၁၂/မရက(နိုင်)၁၁၂၆၈၃] (ဘ) ဦးကျော်၏သားဖြစ်သူမှ ဝယ်ယူပိုင်ဆိုင်ထားသော အမှတ်(၄၄)၊ မြို့သစ်(၁)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိတိုက်ခန်း၏ (၅)လွှာကို (၇–၆–၂၀၂၆)နေ့တွင် သက်သေများရှေ့တွင် တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် ဆက်စပ်စာချုပ် စာရွက်စာတမ်းများအားလုံးကို သက်သေများရှေ့တွင် တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်မ မသိရှိသဘောမတူဘဲ တစ်ဆင့်လွှဲပေးခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်ကိုယ်စားလှယ်လွှဲအပ်ခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထိုသို့အသိပေးကြေညာထားပါလျက် ကျွန်မ မသိရှိသဘောမတူဘဲ ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အိခိုင်စိုး [၁၂/တကန (နိုင်) ၁၆၂၆၆၆]
ဖုန်း– ၀၉–၄၂၉၉၁၉၅၈၉

အများသိစေရန်အသိပေးကြေညာခြင်း

“ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်– ၁၃၈/ဘီ၊ ပထမထပ် (မှန်ခန်းအပေါ်)၊ (၁၂½ x ၅၀)ပေ အကျယ်ရှိ တိုက်ခန်း”ကို မူလအခန်းပိုင်ရှင်ဖြစ်သော ဦးမင်းနိုင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းဌေး [၁၂/ဒပန(နိုင်) ၀၀၂၄၁၆]က အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဆင့်ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူသဖြင့် တိုက်ခန်းကာလတန်ဖိုး ရောင်းငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟုဆိုလာသူ မည်သူမဆို ယင်းတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မည်သူတစ်ဦးတစ်ယောက်မျှမရှိပါက ဥပဒေနှင့်အညီ ယင်းတိုက်ခန်းအရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မင်းဦး LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၂၇၆/၂၀၂၂)
အမှတ်– ၁၅၃၊ ၅–လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၄၈၆၆၄၀၇၊ ၀၉–၇၈၆၆၃၅၆၉၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ အောင်ပန်းလမ်း၊ မြေကွက်အမှတ်(၁၄၈/ခ)၊ မြေအကျယ်အဝန်း(၂၁x၆၀)ပေရှိ ဒေါ်ခင်မျိုးလှ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သောနေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စမ်းစမ်းဝင်း[၁၂/ဒဂတ(နိုင်) ၀၃၉၃၃၉၈]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဝင်း[၁၂/ကမရ(နိုင်)၀၃၀၃၅၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းအိဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၂၉၇)
အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၂၉၄)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးစံဝင်း အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ ပါမစ်မူရင်းခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသိန်းသန်းမိုး[၇/ကဝန(နိုင်)၁၁၈၃၅၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုစံ [၁၃/တကန(နိုင်)၃၅၄၆၈၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချောစုစံ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၂၉၇)
အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉

ကေရာင် အိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။
09-758893764

တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ အ.မ.က စိမ်းလဲ့မြိုင်မှ ဒေါ်အိအိဖြူ(ခ) ဒေါ်ဇာခြည်သင်း (လထ/မူပြ)၊ မှတ်ပုံတင်အမှတ်[၉/ရမသ(နိုင်) ၁၇၆၂၈၈] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက ရေဝေ Grade– 12 တွင် ပညာသင်ကြားနေသောမောင်ကျော်ကိုကိုထွန်း၏ ဖခင် အမည်မှန်မှာ ဦးထွေးသန်းသည် အမှန်ဖြစ်ပါကြောင်း [၇/ကတခ (နိုင်) ၁၀၈၅၂၄] ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးချို၏သား၊ မုံရွာမြို့၊ မြို့သစ်ရပ်၊ အ.ထ.က(၅)မှ အထက်တန်းပြဆရာ ဦးကိုကိုလေးနှင့် ဦးကိုလေး [၅/ မရန (နိုင်) ၀၆၄၆၂၂]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကိုကိုလေး(ခ) ဦးကိုလေး

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၃၂)၊ ဦးပိုင်အမှတ် (၃+၄–က)၊ ၄၂ လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ဦးကျော်ကျော်၊ ဒေါ်ညွန့်ညွန့်ဝေတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်လင်း [၉/မရမ (နိုင်) ၀၂၈၀၃၈] ကအမှုတွဲအမှတ် (၀၀၆၈/ ဘ(ပြောင်း)/ ၂၀၂၆–၂၀၂၇) ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် ၊ အမှတ်(၆)ရပ်ကွက် ၊ (၄၃)လမ်း(အောက်) အမှတ် (၄၀)(၇ လွှာ)(ဘီ)၊ အကျယ်အဝန်း (၁၂½ပေx ၅၀ပေ)ရှိသည့် တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်နွယ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ် ပြီးစီးပါကြောင်း အများသိစေရန် ကြေညာခြင်း။

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချသူ ဒေါ်မေသင်းရီ [၁၂/ပဘတ(နိုင်) ၀၁၂၇၁၁]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချသည့် တိုက်ခန်းကို ရောင်းချသူသည် မိမိမှ ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ အစိုးရနှင့်မကင်းသော တစ်စုံတစ်ရာပြဿနာပေါ်ပေါက်ထားခြင်းမရှိကြောင်း ရောင်းချသူမှ တာဝန်ယူ၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာလွင် [၁၂/ကတတ(နိုင်) ၀၂၅၁၀၄]မှ ရောင်းသူထံသို့ ငွေအပြေအကျေပေးအပ်ပြီး အဆိုပါ တိုက်ခန်းအား တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပြီးစီး လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စီစီဝင်း
အထက်တန်းရှေ့နေ (စဉ်– ၂၂၇၃၆)
အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း ၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၀၂၇၈၂၂၈

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဦးလမ်းမကြီး၊ မြေကွက်အမှတ်– ၁၁၆၉ ဦးတင်ရွှေ အမည်ပေါက် ဂရန်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀) အနက်မှ မြေကွက်အမှတ်– ၁၁၆၇ နှင့်ကပ်လျက်ဘက် မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ မီးပါသော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကျော်မောင် [၁၂/မရက(နိုင်) ၀၅၉၉၃၅]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း၊ ဂရန်မူရင်းနှင့် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့သည် စစ်မှန်သည်ကို တာဝန်ယူပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးမြင့်မြတ် [၁၂/ကမရ(နိုင်) ၀၆၄၉၂၃]+ ဒေါ်ထက်စန္ဒီလှိုင် [၁၂/ဥကတ(နိုင်) ၁၈၁၃၇၁]တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးမြင့်မြတ် + ဒေါ်ထက်စန္ဒီလှိုင်တို့၏ ညွှန်ကြားချက်များအရ–
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၆၀၅)၊ (၂၀–၇–၁၉၉၈)
ရုံး– (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း– ၀၉–၅၄၀၇၂၂၉

အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ သဇင်လမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဂျိမ်းစ်ဒါရ်ရှိထန်း [၄/ဖလန (နိုင်) ၀၀၅၅၅၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

